ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁)ရက် ၊ သောကြာနေ့ ၊ (25-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၆)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်စဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၂ /၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင် ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်နှင့် **"ပို့ဆောင်ရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်များကို **"ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)တွင်-

(က) ပုဒ်မခွဲငယ်(၁၀)ကို ပယ်ဖျက်ရမည်။

(ခ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃)နှင့် (၁၄)တို့ကို ပုဒ်မခွဲငယ်(၁၀)၊ (၁၁)၊ (၁၂)နှင့် (၁၃)တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

စာမျက်နှာ ၁၈ ကော်လံ ၁



အားကောင်းသော လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွှေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် နောက်နှစ်ရက်အတွင်း

စာမျက်နှာ ၂၀ ကော်လံ ၁

စာဖတ်ရှိန် မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်းပါး စာမျက်နှာ- ၄

နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ် လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ- ၁၆

ရတနာပုံ
၂၀၂၀ ခုနှစ် ဇူလိုင် ၂၀ ရက်
အယ်ဒီတာ့အာဘော်

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းအန္တရာယ် သတိပြုကာကွယ်

ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် မတူညီသော သဘာဝဖြစ်စဉ်အမျိုးမျိုးတို့ကို ပြည်သူများရင်ဆိုင်ကြုံတွေ့နေကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အပူလွန်ကဲခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးလေဝသထူးခြားဖြစ်စဉ်များကို သတိပြုနေထိုင်ကြရန် လိုပေသည်။

မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ထူးခြားမှုများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းနှင့် သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း တချို့ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေကြီးမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် မြစ်ကမ်းအနီးနေထိုင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ကြရမည်ဖြစ်ပေသည်။

ယခုအခါ မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း"ဝီဖာ"(WIPHA) မုန်တိုင်းမှ ပြတ်ထွက်လာသော တိမ်တိုက်များနှင့် အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၃ ရက်မှ ၂၈ အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည် နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြစ်၊ ချောင်းများ၊ မြောင်းများ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ပါသည်။ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက လူနေအိမ်များ ရေနစ်မြုပ်ခြင်း၊ လမ်းမကြီးများပေါ်တွင် ရေများဖုံးလွှမ်းနေသောကြောင့် ယာဉ်များသွားလာမှုခက်ခဲပြီး ယာဉ်ကြောပိတ်ဆို့ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေနိုင်သောကြောင့် သတိပြုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတိပေးချက်များကိုလိုက်နာ၍ ရေကြီးရေလျှံမှုအန္တရာယ်များ၊ လေပြင်းတိုက်ခတ်ခြင်းအန္တရာယ်များကို ကြိုတင်သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ရမည်းသင်းမြို့နယ် ကဒေါင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရမည်းသင်း ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကဒေါင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ သတ္တမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၃၃၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း သတ္တမအကြိမ်အဖြစ် ရမည်းသင်းမြို့နယ် ကဒေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း ၅၄ ဦးအတွက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၃၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။

နီလာ

အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

အင်းတော် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၆၂ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၅၉၈၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၁၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ စပါးဧက ၅၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖုံလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀ဖ)

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးနုများအပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်း ကွမ်းသီးနု ပိသာချိန် ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးနုပိသာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများကို ပြည်ပကမှာယူများသည့်အတွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းဖြစ်ကြောင်း သိရသည်။

''ပြည်ပဈေးကွက်က ဝယ်ယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးနုအများအပြားတင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့နေတဲ့ ကွမ်းသီးနုကတော့အရည်အသွေးကောင်းပါတယ်။ လက်ရှိ ကွမ်းသီးနု ၁၀ ပိသာကို ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်က နေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ လက်ရှိ ကွမ်းသီးနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်''ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများကို ကုန်သည်များက ကွမ်းခြံများထိသွားရောက်ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးနုများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ကွမ်းသီးစိုက်တောင်သူများ၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ဝေါမြို့နယ် ဝင်းကဒတ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝေါ ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်းကဒတ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)မှ ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိန္နာ၏ ဝန်ထမ်းများက ဝင်းကဒတ်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း၏ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၈၅ သန်းကို ဝင်းကဒတ်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များမှ ဝင်းကဒတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၇ ဦးကို ဆဋ္ဌမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၇ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလျှုရှင် မန္တလေးမြို့ ၅၈ ဘီလမ်း၊ ၁၀၂-၁၀၃ လမ်းကြားနေ ဦးအေးလွင်-ဒေါ်ခင်ကိုထွဋ်၊ ဦးမင်းသိမ်းထွဋ်-ဒေါ်ဝေမီကျော် မိသားစုက မိခင် ဒေါ်ခင်ခင်သိမ်းအား ရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့တွင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

မုံရွာခရိုင်တွင် မိုးကြိုပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၃၅ တင်း ထွက်ရှိ

မုံရွာ ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးကြိုပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးကြိုကာလ၌ မိုးကြိုပဲတီစိမ်း ၉၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင် မိုးကြိုကာလ မိုးကြိုပဲတီစိမ်း ၉၉၃၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

သရက် ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ထုံးတောင်ကျေးရွာအုပ်စု ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းနှင့် အဆိုပါ လမ်းပေါ်တွင် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေမန်း(မကွေး) ကုမ္ပဏီက ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။

ဆက်လူ

ကန်ကြီးထောင့်မြို့နယ်တွင် သီးနှံစုံ ၃၈၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပုသိမ် ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၃၈၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၄၉၃၆ ဧကကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၃၇၄၉၈ ဧက၊ ဖူးစားပြောင်း ၂၁ ဧက၊ မြေပဲ ဧက ၃၀၊ ငရုတ် ၉၆ ဧက၊ ဟင်းသီးဟင်းရွက် ၈၇၈ ဧက စုစုပေါင်း မိုးသီးနှံစုံ ၃၈၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရန်ကျန်သည့် သီးနှံများကို ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

''ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအပါအဝင် သီးနှံတွေစိုက်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေကို မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထား ဧက ပြည့်မီရေး ရာနှုန်းပြည့်စိုက်ပျိုးရေး၊ ပိုးမွှာရောဂါကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် မိုးသီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

စာဖတ်ရှိန်မြင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ထက်၊ လယ်၊ မူ အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားလာခဲ့သည်မှာ အရိုန်ပင်ရနေကြလေပြီ။

မိုးဆမ်းပန်းများအလား တက်ကြွလန်းဆန်းနေကြသော ကလေးများကိုကြည့်ပြီး ပီတိဖြာနေကြရသည်။

မြို့နယ်အနှံ့တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်း၊ စာပေချစ်သူများအဖွဲ့ စသည်တို့နှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြင့်တင်ရေးလှုပ်ရှားမှုများ၊ လူငယ်စာပေစကားပိုင်းများ၊ စာပေပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပနေကြလေသည်။

နိုင်ငံတော်အနှံ့အပြားတွင် **"စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများ"**ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် **"ကျောင်းစာကြည့်တိုက်များ"** လည်း အပါအဝင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များဆိုရာတွင် အခြေခံပညာကျောင်းများဖြစ်ကြသော ထက်၊ လယ်၊ မူကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများပါဝင်ကြသည်။ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးအခမ်းအနားများ ကျင်းပနေကြသည်။

သည်နေရာတွင် တစ်ချိန်က အရိုန်အဟုန်မြင့်၍ ဆောင်ရွက်ခဲ့ကြသော **"စာဖတ်ရှိန်မြင့်တင်ရေးနှင့် စာတတ်သူတိုင်းစာဖတ်ရေး"**လှုပ်ရှားမှုများကို ပြန်လည်သတိရနေမိသည်။ ကျောင်းသူ၊ ကျောင်းသားများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရှာမှီးကြရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြစေရေးကို လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။

စာဖတ်ရှိန်မြင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော ဆောင်ရွက်ခဲ့ကြသော စာကြည့်တိုက်မှူးများ ညီလာခံကိုလည်း သတိရနေမိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း(MLF)နှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)တို့ ပူးပေါင်းကျင်းပခဲ့ကြသည့် **"တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ"**ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရုံး၌ ကျင်းပခဲ့သည်။

ထိုညီလာခံသို့ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများမှ ရဟန်းရှင်လူ၊စာကြည့်တိုက်မှူးညီလာခံ ကိုယ်စားလှယ်များ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ပရဟိတ စေတနာရှင်များ၊ အသင်းကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ စာကြည့်တိုက်ဘွဲ့ရ၊ ဘွဲ့လွန်သမ္မာရင့်ကျွမ်းကျင်သူပညာရှင်များ၊ လေ့လာသူများ အင်အား ၃၀၀ ကျော် တက်ရောက်ဆွေးနွေးအကြံပေးခဲ့ကြသည်။

ပထမအကြိမ်ညီလာခံနှင့် ဒုတိယအကြိမ်ညီလာခံ၏ အတွေ့အကြုံများကို အခြေခံပြီး တတိယအကြိမ်ညီလာခံတွင် ဖတ်ကြားဆွေးနွေးတင်ပြသင့်သည့် စာတမ်းများကိုလည်း အလေးထားကာ ကြိုတင်ပြစုရေးသားခဲ့ကြသည်။ နယ်ပယ်အလွှာမျိုးစုံမှ ကျွမ်းကျင်သူပညာရှင်များပါဝင်လာကြသည့်နှယ် လေ့လာစူးစမ်းမေးမြန်းဆွေးနွေးကြမည့် ပရဟိတစာကြည့်တိုက်မှူးကြီးငယ်ရွယ်လတ်၊ ရဟန်းရှင်လူများလည်း ပါဝင်တက်ရောက်လာခဲ့ကြသည်ဖြစ်ရာ ညီလာခံကျင်းပရေးကော်မတီအနေဖြင့် မဆုတ်မနစ်သော ဇွဲဝီရိယဖြင့် အစစအရာရာလိုလေသေးမရှိအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသည်။

စာကြည့်တိုက်ပညာရှင်များက စာတမ်းတင်ဆွေးနွေးခဲ့ကြရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် ဒေါ်ချိုချိုတင်(ဆရာမ မစန္ဒာ)တို့က **"စာဖတ်ရှိန်မြင့်တင်ရေးနှင့် စာကြည့်တိုက်များအခန်းကဏ္ဍ"** စာတမ်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်အိကေသွယ်မင်းနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနမှ ကထိက ဦးထွန်းအောင်ကျော်တို့က **"ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ"** စာတမ်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ဗြိတိသျှကောင်စီစာကြည့်တိုက်မှ စာကြည့်တိုက်တာဝန်ခံ (စာကြည့်တိုက်ပညာကျွမ်းကျင်သူ) "ဒေါ်မိုးမိုးစိုး"က **"စာကြည့်တိုက်နှင့် ပြည်သူလူထုအခန်းကဏ္ဍ"** စာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

> **❖နိုင်ငံတော်အနှံ့အပြားတွင် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးလုပ်ငန်းများ"ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် "ကျောင်းစာကြည့်တိုက်များ" လည်း အပါအဝင်ဖြစ်သည်။ ကျောင်းစာကြည့်တိုက်များဆိုရာတွင် အခြေခံပညာကျောင်းများဖြစ်ကြသော ထက်၊ လယ်၊ မူကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ ပါဝင်ကြသည်။ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးအခမ်းအနားများ ကျင်းပနေကြသည်။ ❖**

စာတမ်းတစ်စောင် ဖတ်ကြားရင်းလင်းတင်ပြပြီးတိုင်း၊ တက်ရောက်လာကြသူများထဲမှ သုံးဦးစီ မေးမြန်းဆွေးနွေးခွင့်ပြုခဲ့သည်။ စာတမ်းအားလုံး ဖတ်ကြားရင်းလင်းတင်ပြပြီးသောအခါ အစုအဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းကာ တစ်ဖွဲ့ချင်းအလိုက်၊ စာတမ်းများ၏အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များကို ကြီးကြပ်သူများ၏ ရှေ့မှောက်တွင် ပွင့်လင်းရင်းနှီးစွာ၊ ဓမ္မမိဠာန်ကျကျ၊ ဝေဖန်ဆွေးနွေး အကြံပေးခဲ့ကြရသည်။ ထို့နောက် အဖွဲ့ ခုနစ်ဖွဲ့၏ ဝေဖန်ဆွေးနွေးအကြံပေးချက်များကို ညီလာခံ ကိုယ်စားလှယ်အားလုံး၏ရှေ့မှောက်တွင် အဖွဲ့ခုနစ်ဖွဲ့၏ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေး တင်ပြကြရသည်။ သူတို့ဝေဖန်ဆွေးနွေးအကြံပေး တင်ပြချက်များကို ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားမှုနှင့်အတူ မူဘောင်အတွင်းမှ ဆက်လက်ကြိုးပမ်းကြရမည့် လုပ်ငန်းစဉ်များကို နားလည်လက်ခံလာအောင် ရှင်းလင်းပေးခဲ့ကြရသည်။

"တတိယအကြိမ် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများညီလာခံ"၏ ဂုဏ်ကျေးဇူးများအနက် ရှေ့တန်းထွက်လာပြီး ထက်မြက်စူးရှစွာ ဝေဖန်ဆွေးနွေးအကြံပေးတင်ပြမှု အများဆုံးခံယူခဲ့ရသည့်စာတမ်းမှာ **"ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍ"**ပင်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေခြင်းနှင့်ပတ်သက်၍-

(၁) စာကြည့်တိုက်အတွက် ဘဏ္ဍာငွေနည်းပါးခြင်း၊

(၂) ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမများ၏ စာကြည့်တိုက် ဗဟုသုတ နည်းပါးခြင်း၊

(၃) စာမေးပွဲဖြေဆိုနိုင်ရေးကို ဦးစားပေးနေကြသဖြင့် စာကြည့်တိုက်အသုံးပြုရန် အချိန်မပေးနိုင်ခြင်း၊

(၄) ကျူရှင်မျိုးစုံကို တက်နေကြရသဖြင့် စာကြည့်တိုက်ဘက်သို့ မရောက်နိုင်ကြခြင်း၊

(၅) စာကြည့်တိုက်ဆိုင်ရာ လက်စွဲစာအုပ်များမရှိခြင်းဟူသော ဝေဖန်သုံးသပ်ချက်များထွက်ပေါ်လာခဲ့ကြသည်။

ထို့ပြင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးအတွက်-

(၁) ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဝန်ကြီးဌာနနှင့် အလှူရှင်များထံမှ ရယူရန်၊

(၂) ကျွမ်းကျင်စာကြည့်တိုက်မှူးများ ထားရှိရန်၊ (ဆရာ၊ ဆရာမများကို စာကြည့်တိုက်မှူး သင်တန်းပေးရေး)

(၃) စာကြည့်တိုက်ဘာသာရပ်ကို တက္ကသိုလ် ကောလိပ်များတွင် ပြဋ္ဌာန်းရန်၊

(၄) ကျောင်းစာသင်ချိန် အချိန်စာရင်းတွင် ကိုယ်လက်လှုပ်ရှားမှု(PT)ချိန်ကဲ့သို့ စာကြည့်တိုက်အသုံးပြုခွင့်အချိန်ပေးရန်၊

(၅) ကျောင်းသင်ခန်းစာများ ပို့ချကြရာတွင် သင်ကြားသည့် အကြောင်းအရာနှင့်ဆက်စပ်နေသည့် စာအုပ်များကို စာကြည့်တိုက်သို့ စေလွှတ်ဖတ်ကြားကြစေရန် (ဥပမာ စာစီစာကုံးရေးသားရန်အတွက် ပြင်ပဗဟုသုတရစေမည့် စာအုပ်များကို ဖတ်ရှုလေ့လာစေရေးအတွက် လမ်းညွှန်ရန်)များဖြစ်သည်။

ထိုသို့ ဝေဖန်ဆွေးနွေးအကြံပေးတင်ပြချက်များ၏အနှစ်ချုပ်မှာ-

(၁) သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတချို့၏ ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းစာကြည့်တိုက်များအပေါ် ထားရှိကြသည့် စေတနာတရားခေါင်းပါးမှုနှင့် တာဝန်ယူလိုစိတ်ကင်းမဲ့မှု၊

(၂) ပညာရေးစနစ်၏ သားကောင်များဖြစ်နေကြရသော ကျောင်းသား၊ ကျောင်းသူများမှာ လည်း ပြင်ပသုတစာပေများထက် ကျောင်းပြဋ္ဌာန်းသင်ခန်းစာများကိုသာ နေ့မနား၊ ညမအား ကြက်တူရွေးစကား အတတ်သင်နေသကဲ့သို့ နှုတ်တိုက်ရွရွတ်ဆိုပြီး ဦးခေါင်းထဲ ဇွတ်သွတ်သွင်းနေကြရမှု၊

(၃) ကျန်းမာရေးလှုပ်ရှားမှု လုံးဝပြုလုပ်ချိန်မရကြဘဲ ကျောင်းနှင့်ကျူရှင် လွန်းပြန်ပြေးလွှားနေကြရသောကြောင့် စက်ရုပ်များသဖွယ်ဖြစ်နေမှု စသည့်ချို့ယွင်းအားနည်းချက်များကို ထောက်ပြကြပြီး **"အဓိကအားနည်းချက်မှာ ပညာရေးစီမံခန့်ခွဲမှု"**သာဖြစ်ကြောင်း မီးမောင်းထိုးပြသွားကြသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် (၁၉၆၄ ခုနှစ်မှ ၁၉၆၈ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သော **"အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ"**က စာကြည့်တိုက်ကို ဥာဏ်အလုပ်ရုံ၊ စာကြည့်တိုက်မှူးကို ဥာဏ်အလုပ်ရုံစီမံခန့်ခွဲသူ၊ ကျောင်းစာကြည့်တိုက်ကို ကျောင်းသားနှင့် ကျောင်းဆရာများအတွက် ဖွင့်လှစ်ထားသော ကျောင်းဆိုင်ရာ ဥာဏ်အလုပ်ရုံဟု တင်စားဂုဏ်ပြုခဲ့သည်။ ထို့ပြင် **"ပညာရှာသူ တို့ဝိုင်းကူ"**ဟူသော ဆောင်ပုဒ်ကို တီထွင်ကာ စာပေဗဟုသုတမျိုးစုံကြွယ်ဝအောင် စာပေမျိုးစုံရှိကြသည့် စာကြည့်တိုက်များကို အားထားသွားလာ ရှာဖွေဖတ်ရှုမှတ်သားလိုက်နာကြသင့်ကြောင်း၊ ရေရှည်အရေးကို မျှော်တွေး၍ လမ်းညွှန်မှုပေးခဲ့သည်။ လှုံ့ဆော်သမ္မပြုခဲ့သည်။

စာဖတ်ရှိန်မြင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် အခြေခံပညာဦးစီးဌာနတို့ပူးတွဲပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ဖတ်ရှုလေ့လာမှုပြိုင်ပွဲ၊ ကျောင်းတွင်း စာပေဟောပြောပွဲ၊ စာအုပ်စာစောင်များလှူဒါန်းပွဲ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုဆုချီးမြှင့်ပွဲ စသည့်လှုပ်ရှားမှုများကို အနယ်နယ်အရပ်ရပ်တွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ လေးနှစ်တိတိကျင်းပခဲ့ရာ ပွဲပေါင်း ၇၁ ပွဲအတွက် ငွေကျပ် ၅၃၂ သိန်း ကုန်ကျခဲ့သည်။

၂၀၁၆ ခုနှစ်တွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ ခရိုင်နှင့်မြို့နယ်အလိုက် စာဖတ်ရှိန်မြင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို ဆက်လက်ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း(MLA)ကလည်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ စံမီကျောင်းစာကြည့်တိုက်များတိုးပွားအောင်လှုံ့အား၊ အတတ်ပညာကျွမ်းကျင်မှုအား၊ ပစ္စည်းကိရိယာအင်အား၊ အကြံဉာဏ်အားတို့ဖြင့် ပံ့ပိုးကူညီခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လိုအပ်သည်များကို အထွေထွေကူညီခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီခဲ့ကြသည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနကလည်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးအတွက် ပံ့ပိုးလှုံ့ဆော်ပေးနေရာ သက်ဆိုင်ရာတာဝန်ရှိသူများ စိတ်ပါဝင်စားစွာ လိုက်နာအကောင်အထည်ဖော်ပေးသင့်ကြသည်။

ဤနေရာတွင် ကွယ်လွန်သွားရှာသူ စာရေးဆရာဦးအောင်သင်း၏ ဟောပြောရေးသားမှုကို သတိရသွားပါသည်။ ဆရာဦးအောင်သင်းက-"စာအုပ်တွေ စုတ်ပြဲပျောက်ဆုံးသွားမှာထက် အနာဂတ်မျိုးဆက်သစ်လူငယ်တွေရဲ့စိတ်ဓာတ်စုတ်ပြတ်သွားမှာ၊ အသိပညာတွေ ဆုတ်ယုတ်သွားကြမှာကို မစိုးရိမ်ကြဘူးလား"ဟူ၍ပင်တည်း။

နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံနှင့်လူမျိုးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအလေးအနက်ထား တွန်းအားပေးဆောင်ရွက်နေကြချိန်တွင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူများက တက်တက်ကြွကြွ ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် နိုင်ငံ၏အနာဂတ်သားကောင်းရတနာများ တိုးပွားထွန်းကားလာနိုင်ကြစေရေးအတွက် ရေရှည်အရေးကို မျှော်တွေးကြကာ ဆရာဇော်ဂျီ၏ **"ပညာရှာသူ တို့ဝိုင်းကူ"** ဟူသောဆောင်ပုဒ်နှင့်အညီ တာဝန်ရှိကြသူများအနေဖြင့် စေတနာကိုယ်စီထားကြကာ ဝိုင်းဝန်းကူညီကြစေချင်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဟုမ္မလင်း ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၈၁၂ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၂၇၁ ဧက စုစုပေါင်း ၁၀၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်၊ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖုံးလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

ဘဝ တက်လမ်းသို့

- ခြောက်တိုင်းလဲ မကြောက်ရာ
ဆက်လျှောက်ပါ ပန်းတိုင်သို့၊
ကိုယ့်ဘဝ ကိုယ့်တက်လမ်း
မျှော်မှန်းပါစို့။

- စိတ်ဖြူစင် တရားမချို့
အမှားတို့ မရှိစေ
ကြိုးစာကာနေ၊
ဇွဲ လုံ့လ ဝီရိယအခြေ
အသိသတိတွေ မြဲမြံလျက်၊
မူးယစ်လွှာ လောင်းကစား
ရှောင်ရှားရှေ့ဆက်။

- တတ်ပညာ ဉာဏ်မြင်ထက်
မပျက်ကွက် ရှေ့သို့ချီ၊
အတွေ့ကြုံ ဗဟုသုတ
ပြည့်ဝစေရည်၊
အများအကျိုး သယ်ပိုးမည်
တည်ကြည်သည့် ကိုယ်ကျင့်ကောင်း၊
စေတနာ မေတ္တာဓာတ်နှင့်
မြင့်မြတ်စေကြောင်း။ ။

ကိုရွှေတောသား(ဆင်ကူး)

သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာနှင့် ချောင်းသုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာယာဝတီ ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျွဲသတ်ကျေးရွာနှင့် ချောင်းသုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ချောင်းသုံးခွကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွဲသတ်ကျေးရွာနှင့် ချောင်းသုံးခွကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ညြီဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် စင်ကာပူနိုင်ငံကူးလက်မှတ် ရပ်တည်

လန်ဒန် ဇူလိုင် ၂၄

ဗြိတိန်အခြေစိုက် ဟင်နလေ နိုင်ငံကူးလက်မှတ်အညွှန်းကိန်းအစီရင်ခံစာအရ စင်ကာပူနိုင်ငံကူးလက်မှတ်သည် ယခုနှစ်တွင်လည်း ကမ္ဘာ့ညြီဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် ရပ်တည်နေကြောင်း ဇူလိုင် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စင်ကာပူနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံသို့ ဗီဇာမဲ့ သွားရောက်ခွင့်ရှိကြောင်း ဟင်နလေ နိုင်ငံကူးလက်မှတ် အညွှန်းကိန်းအစီရင်ခံစာ (၂၀၂၅) တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံကူး လက်မှတ်သည် ၂၀၂၄ ခုနှစ်ကလည်း ဂျပန်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ပြင်သစ် နိုင်ငံကူး လက်မှတ်များနှင့်အတူ ကမ္ဘာ့ညြီဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ယခုနှစ်၏ ကမ္ဘာ့ဒုတိယညြီဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်များမှာ ဂျပန်နိုင်ငံကူးလက်မှတ်နှင့် တောင်ကိုရီးယားနိုင်ငံကူးလက်မှတ်များ ဖြစ်ကြကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်မှာမူ ကမ္ဘာ့ညြီဇာအကြီးဆုံးနိုင်ငံကူးလက်မှတ်များ အညွှန်းကိန်းတွင် အဆင့် ၁၀ သို့ ကျဆင်းခဲ့ရသည်။

ကမ္ဘာ့ညြီဇာအရှိန်အဝါအနည်းဆုံးနိုင်ငံကူးလက်မှတ်မှာ အာဖဂန်နစ္စတန်နိုင်ငံကူးလက်မှတ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံ ၂၅ နိုင်ငံသို့သာ ဗီဇာမဲ့ သွားရောက်ခွင့် ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်၌ နှစ်ဖက်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွား

ဗန်ကောက် ဇူလိုင် ၂၄

ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်၌ ယနေ့တွင် နှစ်ဖက်တပ်ဖွဲ့ဝင်များကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်စပ်တိုက်ပွဲများ အတွင်း ထိုင်းနှင့် ကမ္ဘောဒီးယားတပ်များသည် အခြောက်များ အပါအဝင် လက်နက်ကြီးများဖြင့် အပြင်းအထန် တိုက်ခိုက်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံဘက်ခြမ်းတွင် အနည်းဆုံး အရပ်သားကိုးဦး၊ ထိုင်းနိုင်ငံဘက်အခြမ်းတွင် အနည်းဆုံး အရပ်သားကိုးဦး သေဆုံးခဲ့ရသည်။

ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးကို ထိုင်းအစိုးရက ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ခေါ်ယူခဲ့ပြီး ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီးကိုလည်း နှင်ထုတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယနေ့ တိုက်ပွဲများအတွင်း ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များသည် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် အနည်းဆုံးနေရာပေါင်း ခြောက်နေရာတို့၌ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

ပဋိပက္ခများ ဖြစ်ပွားနေစဉ် ထိုင်းလေတပ်မှ အက်ဖ-၁၆ တိုက်လေယာဉ်တစ်စင်းက ကမ္ဘောဒီးယား စစ်ရေးပစ်မှတ်တစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း ထိုင်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်မေလအတွင်း နှစ်နိုင်ငံနယ်စပ်၌ ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရပြီးနောက် ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံ ဆက်ဆံရေး စတင်တင်းမာခဲ့ရသည်။

နယ်စပ်ချင်းမိုင်ပေါင်း ၅၀၀ ကျော် ဆက်စပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ရှေးယခင်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုများကြောင့် ပဋိပက္ခများဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ရုရှားနှင့်ယူကရိန်းတာဝန်ရှိသူများ တတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေး

မော်စကို ဇူလိုင် ၂၄

ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်များသည် တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဇူလိုင် ၂၃ ရက်တွင် တတိယအကြိမ်မြောက်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားနှင့်ယူကရိန်း ကိုယ်စားလှယ်များ အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူနိုင်မှုမရှိခဲ့သော်လည်း အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်ရေးအစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းနိုင်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၂၃ ရက် ဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ကြား ယခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရေးအတွက် ယူကရိန်းနိုင်ငံက အဆိုပြုထားသော်လည်း ရုရှားကိုယ်စားလှယ်များက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းတို့၏ ဇူလိုင် ၂၃ ရက်ဆွေးနွေးပွဲမှာ မိနစ် ၄၀ ခန့်သာ ကြာမြင့်ခဲ့ကြောင်း တူကီယဲတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနှင့်ယူကရိန်းတို့သည် သုံးနှစ်ကျော်ကြာ ပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ယခုနှစ် မေ ၁၆ ရက်နှင့် ဇွန် ၂ရက်တို့တွင် အစ္စတန်ဘူလ်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကျင်းပခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ယူကရိန်းပဋိပက္ခမှာ အရှိန်ကျဆင်းမှုမရှိသေးဘဲ ရှေ့တန်းနယ်စပ်တစ်လျှောက် တိုက်ပွဲများပြင်းထန်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

ယခုနှစ်ဇွန်လအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ဒုတိယမြောက်လအဖြစ် ဆက်လက်မြင့်တက်

ဗန်ကောက် ဇူလိုင် ၂၄

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းသည် ယခုနှစ် ဇွန်လတွင် ဒုတိယမြောက်လအဖြစ် ဆက်လက်မြင့်တက်လာခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြ ထားကြောင်း သိရသည်။

ယခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းမှာ အစင်းရေ ၁၃၀၂၂ စီးထိရှိခဲ့ပြီး ယမန်နှစ် ဇွန်လကထက် ၁၁ ဒသမ ၉၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်က ယနေ့တွင်ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်မေလ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာလည်း ယမန်နှစ်မေလကထက် ၁၀ ဒသမ ၃၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းဗဟိုချက်နိုင်ငံဖြစ်သည်။

တိုယိုတာနှင့်ဟွန်ဒါ အပါအဝင် ကမ္ဘာ့ထိပ်တန်း မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် ထိုင်းနိုင်ငံ၌ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများ အခြေစိုက်ထားသည်။

ထိုင်းပြည်တွင်း၌ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ထုတ်လုပ်မှုနှုန်းသည်လည်း ယခုနှစ်ဇွန်လတွင် မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ရုရှားနိုင်ငံအရှေ့ဖျားဒ်၌ ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွား လူပေါင်း ၅၀ ခန့်သေဆုံး

မော်စကို ဇူလိုင် ၂၄

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ ယနေ့တွင် အင်တိုနော့ဗ်အေအင်နှ်-၂၄ အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူပေါင်း ၅၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဆိုက်ဘေးရီးယားအခြေစိုက် အင်ဂါရာ လေကြောင်းလိုင်းက ပိုင်ဆိုင်သည့် ယင်းခရီးသည်တင်လေယာဉ် ရုရှားအရှေ့ဖျားတန်ဒါမြို့အနီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် တန်ဒါမြို့လေဆိပ်သို့ဆင်းသက်ရန် ပြင်ဆင်နေစဉ် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည် ၄၃ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးတို့ လိုက်ပါလာကြောင်း သိရသည်။

ပျက်ကျခဲ့သည့် ခရီးသည်တင်လေယာဉ်သည် ဆိုဗီယက်ခေတ် ကာလ ၁၉၇၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော ခရီးသည်တင်လေယာဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် ပျက်ကျခဲ့သည့် လေယာဉ်၏ အပျက်အစီးများကို ရုရှားရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

SCIENCE AND TECHNOLOGY

ဘီးတဲလ်ဂျစ်ကြယ်ကြီး၏ ပုန်းကွယ်နေသောအရံကြယ်ကို သိပ္ပံပညာရှင်များကရှာဖွေနိုင်ခဲ့ပြီး ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့



ဝါရှင်တန် ဇူလိုင် ၂၄

နာမည်ကျော် ဘီးတဲလ်ဂျစ်ကြယ်ကြီး၏ ပုန်းကွယ်နေသော အရံကြယ်ကို သိပ္ပံပညာရှင်များက ရှာဖွေနိုင်ခဲ့ပြီး ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း ဇူလိုင် ၂၃ ရက်သတင်းများအရ သိရသည်။

အဆိုပါကြယ်သည် ဘီးတဲလ်ဂျစ်ကြယ်ကို မယုံနိုင်လောက်အောင် ကျဉ်းမြောင်းသည့် ပတ်လမ်းဖြင့် ဗဟိုပြုလှည့်ပတ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ၛင်းကြယ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် ဘီးတဲလ်ဂျစ်ကြယ်ကြီး၏ ထူးဆန်းသည့်သဘာဝများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါကြယ်သည် လာမည့်နှစ်ပေါင်း ထောင်ဂဏန်းအနည်းငယ်အတွင်း ဘီးတဲလ်ဂျစ်ကြယ်၏ ဝါးမျိုမှုကိုခံရလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အလင်းအား အတက်အကျရှိနေတတ်မှုကြောင့် သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားသည့် ဘီးတဲလ်ဂျစ်ကြယ်သည် ကမ္ဘာ့ဂြိုဟ်ညကောင်းကင်၏ အလင်းအား အကောင်းဆုံးကြယ်များထဲတွင် ပါဝင်သည်။

ဘီးတဲလ်ဂျစ် ကြယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀ သန်းမျှသာရှိသော်လည်း အရွယ်အစားအားဖြင့် နေထက်အဆ ၇၀၀ ပိုကြီးမားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

လပတ်လမ်းပေါ်မှတစ်ဆင့် စကြဝဠာခေတ်ဦး ရေဒီယိုအချက်ပြလှိုင်းများကို ထောက်လှမ်းမည့် အသေးစားအာကာသယာဉ်တစ်စင်းကို တည်ဆောက်နေ

လန်ဒန် ဇူလိုင် ၂၄

လပတ်လမ်းပေါ်မှ တစ်ဆင့် စကြဝဠာခေတ်ဦး ရေဒီယိုအချက်ပြလှိုင်းများကို ထောက်လှမ်းမည့် အသေးစား အာကာသယာဉ်တစ်စင်းကို ဗြိတိန်သိပ္ပံပညာရှင်များက တည်ဆောက်နေကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

Coscocube အမည်ရှိ ၎င်းအာကာသယာဉ်သည် လကမ္ဘာ အခြားဘက်ခြမ်းမှတစ်ဆင့် စကြဝဠာခေတ်ဦး ရေဒီယိုအချက်ပြလှိုင်းများကို လေ့လာမည်ဖြစ်ကြောင်း၊ Big Bang မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်းသန်း ၅၀ နှင့် တစ်ဘီလီယံကြားကာလအတွင်း ပေါ်ထွက်လာသည့် ရှေးဟောင်းရေဒီယိုအချက်ပြလှိုင်းများသည် စကြဝဠာ၏သမိုင်းကို ပြောပြနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။



ကမ္ဘာ့ဂြိုဟ်၏ ရေဒီယိုလှိုင်းအနှောင့်အယှက်များနှင့် ကင်းလွတ်သည့် လကမ္ဘာအခြားဘက်ခြမ်းမှာ စကြဝဠာခေတ်ဦးရေဒီယိုလှိုင်းများကိုရှာဖွေထောက်လှမ်းရန် အကောင်းဆုံးနေရာဖြစ်သည်။

Big Bang မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးပေါ်ထွက်လာသည့် ဂြိုဟ်များ၊ ကြယ်များနှင့်အာကာသတွင်းနက်များ၏ အလင်းရောင်များကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်ကြီးများက ဖုံးကွယ်ထားရာ ၎င်းကာလကို စကြဝဠာ အမှောင်ခေတ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဟိုက်ဒရိုဂျင်ဓာတ်ငွေ့တိမ်တိုက်ကြီးများသည် လှိုင်းအလျားမီဂါဟာ့ဇ် ၁၄၂၀ ထိရှိသည့် ရေဒီယိုလှိုင်းများကို ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က 31/ATLAS ကြယ်တံခွန်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် 31/ATLAS ကြယ်တံခွန်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဇူလိုင် ၂၃ ရက်သတင်းများအရ သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသော တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

အဆိုပါကြယ်တာရာ ဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်ကို ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် ပထမဆုံးအကြိမ် စူးစမ်းလေ့လာခဲ့ပြီး ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် 31/ATLAS ကြယ်တံခွန်ကို ကမ္ဘာ့အကြီးဆုံးဒစ်ဂျစ်တယ်ကင်မရာစနစ် တပ်ဆင်ထားသော ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်နှင့်လမ်း စူးစမ်းလေ့လာရန်စီစဉ်ထားသည်။

31/ATLAS ကြယ်တံခွန်သည် သက်တမ်းအားဖြင့် နှစ်ပေါင်းခုနစ်ဘီလီယံထိရှိရာ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ သက်တမ်းအရင့်ဆုံး ကြယ်တံခွန်တစ်စင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်တံခွန်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ATLAS ရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ref : Xinhua News
Trs : KKO

HEALTH

ကင်ဆာရောဂါများအတွက်သုံးသည့် ဆေးနှစ်မျိုးက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် ဇူလိုင် ၂၄

ကင်ဆာရောဂါများကို ကုသရေးအတွက်အသုံးပြုသည့် ဆေးဝါးနှစ်မျိုးသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၃ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဆေးဝါးများကို ရှာဖွေရေးအတွက် ဆေးအမျိုးအစား ၁၃၀၀ ကျော်တို့ကို စိစစ်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ လေ့လာစိစစ်ရာတွင် ရင်သားကင်ဆာရောဂါကို ကုသရာတွင် အသုံးပြုသည့် Letrozole နှင့် အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာတို့ကို ကုသရာတွင် အသုံးပြုသော Irinotecan ဆေးများသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါကင်ဆာဆေးနှစ်မျိုးကို တွဲဖက်အသုံးပြုပါက မှတ်ဉာဏ်နှင့်ဦးနှောက်လုပ်ငန်းလည်ပတ်မှုများ ပို၍ကောင်းမွန်လာသည့်သဘော တွေ့ရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ကင်ဆာဆေးနှစ်မျိုးကို လူသားများဖြင့်စမ်းသပ်ရန် လိုအပ်ဆဲဖြစ်သည်ဟု အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ကြက်ဥစားသုံးမှုနှင့်သွေးအတွင်း ကိုလက်စထရောစုစည်းမှုအဆင့် မြင့်တက်လာဖွယ်မရှိ

ကင်ဘာရာ ဇူလိုင် ၂၄

ကြက်ဥစားသုံးမှုကြောင့် သွေးအတွင်းဆိုးကျိုးပြု ကိုလက်စထရောစုစည်းမှုအဆင့် မြင့်တက်လာဖွယ်မရှိကြောင်း ဆောက်သ်သြစတြေးလျ တက္ကသိုလ်မှ သုတေသန ပညာရှင်များက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ကြက်ဥစားသုံးပါက သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရော စုစည်းမှုအဆင့် မြင့်တက်လာတတ်ပြီး နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားလာတတ်ကြောင်း ရှေးယခင်က ယူဆခဲ့ကြသည်။

သို့ရာတွင် သြစတြေးလျနိုင်ငံ ဆောက်သ်သြစတြေးလျ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစားအစာများတွင် ပါဝင်သည့် ပြည့်ဝဆီများကြောင့်သာ ကိုလက်စထရောစုစည်းမှု မြင့်တက်လာနိုင်ပြီး ကြက်ဥကြောင့် ကိုလက်စထရောစုစည်းမှု မြင့်တက်လာသည့် သက်သေအထောက်အထား မျိုးမတွေ့ရကြောင်း သိရသည်။

သို့ရာတွင် ကျန်အစားအစာများ၌ ပြည့်ဝဆီပါဝင်မှုကိုလျှော့ချထားပါက ကြက်ဥကို နေ့စဉ်နှစ်လုံးစားသုံးပါက သွေးအတွင်း ကိုလက်စထရော ပါဝင်မှုကို လျှော့ချနိုင်ကြောင်း သြစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစားအစာများ၌ ပြည့်ဝဆီတစ်ဂရမ်တိုးလာတိုင်း ဆိုးကျိုးပြုကိုလက်စထရော စုစည်းမှုအဆင့်သည်လည်း သုညဒသမ ၃၅ မှတ် မြင့်တက်လာတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

အေတီကိုအသင်းက ဖီရင်နုခံစစ်ကစားသမား ဟန်းကိုကို ခေါ်ယူရန် သဘောတူညီမှုရရှိ

မက်ဒရစ် ဇူလိုင် ၂၄

အေတီကို အသင်းသည် ဖီရင်နုအသင်း ခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဘယ်တောင်ပံ ခံစစ်ကစားသမား ဟန်းကိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အေတီကိုအသင်း အနေဖြင့် အသက် ၂၇ နှစ်ရှိ ဆလိုဗက်ကီးယားကစားသမား ဟန်းကိုကို ခေါ်ယူရန်အတွက် ဘာစီလိုနာ အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ကစားသမားကိုယ်တိုင်က အေတီကိုအသင်းကိုသာ ရွေးချယ်ခဲ့သောကြောင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးကို အတိအကျ ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း ယူရို သန်း ၃၀ ဝန်းကျင်ဖြင့် သဘောတူညီမှု ရယူနိုင်ခဲ့သည်ဟု စပိန်သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

လက်ရှိတွင် ခံစစ်ကစားသမား အနေဖြင့် အေတီကိုအသင်းတွင် ဆေးစစ်မှုခံယူလျက်ရှိပြီး ဆေးစစ်မှုအောင်မြင်ပါက အေတီကိုကစားသမားအဖြစ် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အေတီကို အသင်းက ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဟန်းကို သည် ၂၀၂၂ ခုနှစ်က စပါတာပရက် အသင်းမှ ဖီရင်နုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပွဲဦးထွက် ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၄၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိပြုလုပ်၍ အသင်းကို နယ်သာလန်အမှတ်ပေးချန်ပီယံဆုဖလား ရယူပေးနိုင်သည့်အတွက် ဥရောပထိပ်သီး ကလပ်အသင်းများက စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဟန်းကိုသည် ဖီရင်နုအသင်းနှင့် ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၄၀ ထိ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်သည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး အသင်းနှင့်အတူ အမှတ်ပေးဆုဖလား၊ စူပါဖလား၊ KNVB ဖလားတို့ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက အေဂျက်အသင်း လူငယ်ခံစစ်ကစားသမား ဟာတိုကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၄၀ ဝန်းကျင်သာ အသုံးပြုလိုသော်လည်း အေဂျက်အသင်းက ယူရိုသန်း ၆၀ ဝန်းကျင်ထိအလိုရှိကြောင်း ပြောကြားခဲ့သောကြောင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်းက ဆွစ်ဇာလန်နိုင်ငံ စတော့ဟုမ်းမြို့တွင် လိဒ်အသင်းနှင့် ခြေစမ်းပွဲစဉ်၌ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် လက်ရှိအပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ဘရိုက်တန်အသင်းမှ ဘာလီဘာ၊ ဝုဗ်အသင်းမှ ဂျာအိုဂိုမက်ဇ်၊ စပို့တင်းလစ္စဘွန်းအသင်းမှ ဂျူးလ်မန်း၊ အတ္တလန်တာအသင်းမှ အီဒါဆန်နှင့် ပဲလေ့စ်အသင်းမှ ဝါတန်တို့ထဲမှ တစ်ဦးဦးကို ထပ်မံခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ML

အမျိုးသမီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ဂျာမနီကိုအနိုင်ယူ၍ စပိန်အသင်း ဗိုလ်လုပွဲတက်ရောက်

မက်ဒရစ် ဇူလိုင် ၂၄

အမျိုးသမီး ယူရို ၂၀၂၅ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာတွင် စပိန်အသင်းက အချိန်ပိုသွင်းဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဂျာမနီအမျိုးသမီးအသင်းသည် ပွဲစကတည်းက စပိန်အမျိုးသမီးအသင်းကို ခံစစ်ကစားပုံဖြင့် တုံ့ပြန်ခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ရန် ခက်ခဲခဲ့ပြီး စပိန်အသင်းအနေဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သော်လည်း ဂျာမနီအသင်း ခံစစ်ပိုင်းကောင်းမွန်မှုကြောင့် မိနစ် ၉၀ ပြီးဆုံးသည်ထိဂိုးမရခဲ့ဘဲ သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေးပစ်မှတ်ထားလာခဲ့သော်လည်း စပိန်အသင်းက တိုက်စစ်ကစားပုံတိုးတက်လာသဖြင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပွဲကစားချိန် ၁၁၃ မိနစ်အရောက်တွင် တိုက်စစ်မှူးကက်စတယ်လိုဇ၏ ဖန်တီးပေးမှုကို ဘွန်မာတီက ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရယူ၍ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် စပိန်အမျိုးသမီးအသင်းသည် ယူရိုပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းသစ်ကို ပိုင်ဆိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် လက်ရှိချန်ပီယံ အင်္ဂလန်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ လာမည့် ဇူလိုင် ၂၇ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့၌ ဗိုလ်လုပွဲစဉ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

ယခုလအတွင်းကစားရမည့် ဂျပန်ခရီးစဉ်ကို ရွှေ့ဆိုင်းကြောင်း ဘာစီလိုနာအသင်း ထုတ်ပြန်

ဘာစီလိုနာ ဇူလိုင် ၂၄

ဘာစီလိုနာ အသင်းသည် အာရှခရီးစဉ်အဖြစ် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယား နိုင်ငံတို့တွင် ခြေစမ်းပွဲစဉ်များ ကစားရန် အတည်ပြု ကြေညာထားသော်လည်း ယခုအခါ ဂျပန်နိုင်ငံတွင် ပြုလုပ်မည့် ခြေစမ်းပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘာစီလိုနာ အသင်းသည် အစောပိုင်းက ဂျပန်နိုင်ငံတွင် ဗစ်ဆယ်ကိုဘီအသင်းနှင့် လာမည့် တနင်္ဂနေနေ့တွင် ခြေစွမ်းပွဲကစားရန် သဘောတူညီထားသော်လည်း ပြိုင်ပွဲစီစဉ်သူက သဘောတူညီချက်များကို ချိုးဖောက်ခဲ့သောကြောင့် ဂျပန်ခရီးစဉ်ကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံတွင် အက်ဖ်စီဆိုးလ်အသင်းနှင့် ကစားမည့် ခြေစမ်းပွဲစဉ်အတွက် ပြိုင်ပွဲစီစဉ်သူနှင့် ဆက်လက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး ဘာစီလိုနာအသင်းက တောင်ကိုရီးယားခရီးစဉ်တွင် အက်ဖ်စီ ဆိုးလ်အသင်းနှင့်ပွဲစဉ်ကို လာမည့် ဇူလိုင် ၃၁ ရက်တွင် ကစားပြီး နောက် ဒယ်ဂူးအက်ဖ်စီအသင်းနှင့် ပွဲစဉ်ကိုပါ လာမည့် သြဂုတ် ၄ ရက်တွင် ဆက်လက်ကစားမည်ဖြစ်သောကြောင့် ပွဲစီစဉ်သူနှင့် အတည်ပြုချက်ရယူသွားမည်ဖြစ်ပြီး သဘောတူညီမှုရရှိပါက လာမည့်ရက်ပိုင်းအတွင်း တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်း တာဝန်ရှိသူများက "ဂျပန်နိုင်ငံမှာကစားမဲ့ ခြေစမ်းပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ရတဲ့အတွက် နိုင်ငံအတွင်းရှိတဲ့ ဘာစီလိုနာပရိသတ်တွေအတွက် စိတ်မကောင်းဖြစ်မိပါတယ်။ လက်ရှိ တောင်ကိုရီးယားခရီးစဉ်ကို တော့ အတည်ပြုချက်ရရင် ထွက်ခွာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

နိုင်ငံတကာပြိုင်ပွဲ အဓိကပြိုင်ပွဲကြီးများ၌ ငါးကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် ဝိုင်ဂ်မန်းမှတ်တမ်းဝင်

လန်ဒန် ဇူလိုင် ၂၄

အင်္ဂလန် အမျိုးသမီးအသင်းနည်းပြဝိုင်ဂ်မန်းသည် အမျိုးသမီးယူရိုပြိုင်ပွဲတွင် အင်္ဂလန် အသင်းကို ဗိုလ်လုပွဲအဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲ အဓိကပြိုင်ပွဲကြီးများတွင် ငါးကြိမ်ဆက် ဗိုလ်လုပွဲ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့ သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိကျင်းပနေသည့် အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အင်္ဂလန်အမျိုးသမီးအသင်းက အီတလီအမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သကဲ့သို့ နည်းပြ ဝိုင်ဂ်မန်းအတွက်လည်း မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၅ နှစ်ရှိ နယ်သာလန် လူမျိုးနည်းပြ ဝိုင်ဂ်မန်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ နယ်သာလန်အမျိုးသမီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အမျိုးသမီးယူရိုပြိုင်ပွဲနှင့် အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင်နှစ်ကြိမ် ဗိုလ်လုပွဲအဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်က အမျိုးသမီးယူရို ပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် ၂၀၁၉ ခုနှစ်က အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အလားတူ ၂၀၂၁ ခုနှစ်က အင်္ဂလန် အမျိုးသမီးအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အမျိုးသမီးယူရိုပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ လက်ရှိ အမျိုးသမီးယူရိုပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် နိုင်ငံတကာပြိုင်ပွဲ အဓိက ပြိုင်ပွဲများ၌ ဗိုလ်လုပွဲအဆင့်သို့ ငါးကြိမ်ဆက် တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် မျက်ဒဗျက်နှင့် တေလာဖရစ်ဇ်တို့ အနိုင်ရရှိ

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ကျင်းပနေသည့် DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က အမေရိကန် တင်းနစ်ကစားသမား အိုပယ်လ်ကာနင့်လည်းကောင်း၊ အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်က ဩစတြေးလျ တင်းနစ်ကစားသမား ဗူကစ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ရာ နာမည်ကြီးကစားသမားများ ဖြစ်ကြသည့် မျက်ဒဗျက်နှင့် တေလာဖရစ်ဇ်တို့က အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်သည် အိုပယ်လ်ကာအား (၃-၆၊ ၇-၅၊ ၆-၁) ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး အိုပယ်လ်ကာအား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ဗိုလ်စွဲရန် မျက်ဒဗျက်နှင့်အတူ ရေပန်းစားနေသည့် တေလာဖရစ်ဇ်သည် ဗူကစ်အား (၆-၃၊ ၆-၂) ရလဒ်ဖြင့် ပြတ်သားစွာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တေလာဖရစ်ဇ်က "ဒီနေ့မှာ တော့ ကျွန်တော့်ရဲ့ကစားပုံက တော်တော်လေးကို အားရစရာ ကောင်းခဲ့တယ်လို့ ခံစားမိပါတယ်။ အထူးသဖြင့် လက်ပြန်ရိုက်ချက် တွေက တော်တော်လေးကို ကောင်းမွန်ခဲ့ပါတယ်။ အနိုင်ရခဲ့တဲ့ ရလဒ် ပိုင်းကလဲ မျှော်လင့်ထားတာထက် ပိုကောင်းခဲ့ပါတယ်။ ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ကျွန်တော် အသုံးပြုလေ့မရှိသေးတဲ့ နည်းစနစ်ပိုင်းကို အသုံးပြုခဲ့တယ်။ နည်းစနစ်ပိုင်းအပြောင်း အလဲလုပ်ခဲ့တာ တော်တော်လေး ကိုထိရောက်ခဲ့ပါတယ်။ ဗူကစ်ဟာ ကစားရခက်တဲ့ ကစားသမား တစ်ယောက်ပါ။ ဒါကြောင့်လဲ အခုလို ပြတ်သားတဲ့ရလဒ်မျိုးနဲ့ အနိုင်ရလိမ့်မယ်လို့ မျှော်လင့် မထားတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

Trs : AZL

3M Open ပြိုင်ပွဲ ချန်ပီယံဆုကို ကာကွယ်သွားမည်ဟု ဂျိုနသန်ပြောကြား

မင်နီဆိုတာ ဇူလိုင် ၂၄

အမေရိကန်နိုင်ငံ မင်နီဆိုတာ ပြည်နယ်တွင် ကျင်းပသွားမည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ ဗင်နီဇွဲလား ဂေါက်သီးရိုက် ကစားသမား ဂျိုနသန်က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ဂျိုနသန်သည် ၂၀၂၄ ခုနှစ်တွင် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထင်မှတ်မထားသည့် အခြေအနေဖြင့် ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့သည့် ဂျိုနသန်အနေဖြင့် ၂၀၂၅ ခုနှစ်တွင်လည်း ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာခဲ့ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ပြီး ယမန်နှစ်ကအခြေအနေမျိုးဖြစ်နေသည်။

ဂျိုနသန်သည် လက်ရှိဒဏ်ရာ အခြေအနေ တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သလို ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင် မှုများကိုလည်း အကောင်းဆုံး ပြုလုပ်ထားကြောင်း ပြောကြားခဲ့သည်။

ဂျိုနသန်က "မနှစ်တုန်းက ပခုံးဒဏ်ရာ ခွဲစိတ်ကုသမှုပြုလုပ်ပြီးတော့ ဒဏ်ရာသက်သာသွားတဲ့အတွက် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒဏ်ရာကနေ ပြန်လည်သက်သာလာပြီး ပွဲဦးထွက်မှာ အောင်မြင်မှုရနိုင်မယ်လို့ မျှော်လင့်မထားခဲ့ပါဘူး။ ဒါပေမဲ့လဲထင်မှတ်မထားတဲ့ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တယ်။ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ကြံ့ခိုင်မှုပိုင်းနဲ့ စိတ်ဓာတ်ပိုင်းပါ ပိုကောင်းနေတယ်လို့ ခံစားမိပါတယ်။ ဒီပြိုင်ပွဲမှာလဲ အကောင်းဆုံးကစားနိုင်အောင် အာရုံစိုက်သွားမယ်။ လက်ရှိချန်ပီယံဆုကိုလည်း ကာကွယ်သွားနိုင်အောင် အကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

နယူးကာဆယ်အသင်းက စံချိန်တင်လုပ်ခလစာတောင်းဆိုထားသည့် အစ်ဆက်ခ်ကို တစ်ဦးတည်း လေ့ကျင့်ခန်းလုပ်ဆောင်ရန် ပြစ်ဒဏ်ချမှတ်

လန်ဒန် ဇူလိုင် ၂၄

နယူးကာဆယ် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာ စံချိန်တင်လုပ်ခလစာ တောင်းဆိုထားသည့် အစ်ဆက်ခ်ကို အသင်းနှင့်ပူးပေါင်းခွင့်ပိတ်ပင်ခဲ့ပြီး တစ်ဦးတည်းသာ လေ့ကျင့်ခန်းများ လုပ်ဆောင်စေရန်အတွက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အစ်ဆက်ခ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆိုစီဒက်အသင်းမှ နယူးကာဆယ် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်း ပြသနိုင်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ပြိုင်ပွဲစုံ ၄၂ ပွဲကစားခဲ့ပြီး ၂၇ ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထား ခံနေရခြင်းဖြစ်သည်။

အစ်ဆက်ခ်ကို ပြီးခဲ့သည့်ရက်ပိုင်းက လီဗာပူးအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၁၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ် အသင်းက ပယ်ချခဲ့ပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက်သာ ကြိုးပမ်းနေခြင်းဖြစ်သည်။

အစ်ဆက်ခ်ကိုယ်တိုင်ကလည်း အသင်း၏ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို လက်ခံဆွေးနွေးမှုများ လုပ်ဆောင်နေသော်လည်း လက်ရှိရရှိနေသည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၁၂၀၀၀၀ မှ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၀၀၀၀ ထိ တောင်းဆို ထားသည့်အတွက် ညှိနှိုင်းမှု အဆင်မပြေဖြစ်နေခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း အစ်ဆက်ခ်နှင့် ညှိနှိုင်းမှုအဆင်မပြေ ဖြစ်ပွားခဲ့ပြီးနောက် အသင်းနှင့် ဆက်ဆံရေး တင်းမာမှုများ ရှိလာခဲ့သည့်အတွက် အသင်းနှင့် ပူးပေါင်းလေ့ကျင့်ခွင့် ပိတ်ပင်ခဲ့ပြီး တစ်ဦးတည်းသာ လေ့ကျင့်မှုများ သီးသန့်လုပ်ဆောင်စေရန်အတွက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ **Ref : Sky Sports**

Trs : STA

လီဗာပူးအသင်းမှ ဒီယက်ဇ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ဖြင့် ဘိုင်ယန်မြူးနစ်အသင်းက နောက်ဆုံးအကြိမ် ကမ်းလှမ်း

ဘာလင် ဇူလိုင် ၂၄

ဘိုင်ယန်မြူးနစ် အသင်းက လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် တိုက်စစ်ကစားသမား ဒီယက်ဇ်ကို နောက်ဆုံးအကြိမ် အဖြစ် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ဖြင့် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဒီယက်ဇ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြဟောင်း ကလော့ပ်လက်ထက်က အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း လက်ရှိနည်းပြ အာနီစလော့လက်အောက်တွင် ပြီးခဲ့သည့် ဘောလုံးရာသီက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်မရရှိသည့်အတွက် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလ၌ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

ဒီယက်ဇ်ကို လက်ရှိအပြောင်းအရွှေ့ကာလအစပိုင်းက ဘာစီလိုနာအသင်းက ခေါ်ယူရန် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် အသင်းဘဏ္ဍာရေးအကျပ်အတည်း ကြုံနေရသည့်အတွက် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ဘဲ ဘိုင်ယန်မြူးနစ်အသင်းက တရားဝင်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ပြီး ဒီယက်ဇ်ကိုယ်တိုင်ကလည်း ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ ကစားလိုနေသောကြောင့် နှစ်ဖက်အသင်းကြား ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းက ဒီယက်ဇ်ကို အစောပိုင်းပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်း အနေဖြင့် ပြောင်းရွှေ့ကြေးကို တိုးမြှင့်ပြီး စတာလင်ပေါင် သန်း ၇၀ ဖြင့် ကမ်းလှမ်းထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

အမျိုးသမီး အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

လာမည့် ၂၀၂၆ အမျိုးသမီး အာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အဆင့်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပါဝင်မည့် အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ အမျိုးသမီးအာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အာရှဒေသတွင်းမှ အသင်း ၂၇ သင်းဖြင့် လေးသင်းပါ သုံးအုပ်စုနှင့် သုံးသင်းပါ ငါးအုပ်စုဖြင့် ခွဲခြားကျင်းပသွားမည်ဖြစ်ကာ အုပ်စုတစ်ခု ချင်းစီကို အိမ်ရှင်နိုင်ငံတစ်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာနိုင်ငံအပါအဝင် တာဂျစ်ကစ္စတန်နိုင်ငံ၊ ကျော်ဒန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က လက်ခံကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ အမျိုးသမီးအာရှ ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ပွဲစဉ်များ အပြီးတွင် အုပ်စု ရှစ်ခုမှ အုပ်စုပထမနေရာတွင် ရပ်တည်နိုင်မည့် အသင်းရှစ်သင်းကသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး တိုက်ရိုက် ဝင်ခွင့်ရရှိထားသည့် ဂျပန်အသင်း၊ တရုတ်အသင်း၊ မြောက်ကိုရီးယား အသင်းနှင့် တောင်ကိုရီးယား အသင်းတို့နှင့်အတူ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆အမျိုးသမီးအာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အုပ်စုပွဲစဉ်များကို လာမည့်အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

သန်ချဆေးကဲ့သို့ အသုံးဝင်သော ကြက်သွန်ဖြူ

သန်ကောင် သို့မဟုတ် သန်ကောင်ပိုးဝင်ခြင်းသည် အဖြစ်များဆုံး ရောဂါတစ်ခုဖြစ်သည်။ သန်ကောင်သည် ကပ်ပါးပိုးဖြစ်ပြီး လူသားများကို ပြင်းထန်သော နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြစ်စေသည်။ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်မှာ သန်ကောင်ပိုးများ ကူးစက်စွဲကပ်နေသည်ဟု သိရှိရသည်။ သန်ကောင်များတွင် ထူးခြားသောစွမ်းရည်များရှိသည်။ သန်ကောင်ဝင်ရောက်ခြင်းကြောင့် လက်ခံသောသတ္တဝါများ၏ ကိုယ်ခံအားကိုလျော့ကျစေရုံသာမက နာတာရှည်ဖြစ်ပြီး တစ်သက်တာလုံးတွင် ကြာရှည်စွာ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါစွဲကပ်နိုင်သည်။ သန်ကောင်များကို အုပ်စုခွဲပါက သန်အလုံး၊ သန်အပြား၊ အရွက်ပုံသဏ္ဌာန် သန်ကောင်၊ သွေးတွင်းနေ သန်ကောင်များဟူ၍ ခွဲခြားနိုင်သည်။

ကပ်ပါးပိုးကြောင့် ဖြစ်ပေါ်လာသော ရောဂါများသည် သက်ရှိလူတွင်သာမကပဲ တိရစ္ဆာန်များတွင်ပါ ဖြစ်တတ်ကြသည်။ အထူးသဖြင့် အပူပိုင်းဒေသနှင့် ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ကပ်ပါးရောဂါ ဖြစ်ပွားမှုများတတ်သည်။ သန်ကောင်ရောဂါကြောင့် ကုန်ထုတ်စွမ်းအားဆုံးရှုံးမှု၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများကို ပို၍ဖြစ်စေသည်။ တိရစ္ဆာန်မွေးမြူရေးတွင် အဖြစ်အများဆုံးနှင့် အရေးပါသော ရောဂါများထဲမှ တစ်ခုဖြစ်သည်။သန်ကောင်စွဲကပ်ခြင်းသည် ကမ္ဘာနှင့်အဝန်း သက်ရှိတို့၏ ခုခံစွမ်းအားကျဆင်းခြင်းနှင့် သေဆုံးခြင်းတို့သည် အရေးကြီးသော အကြောင်းရင်းတစ်ခုဖြစ်လာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူနှင့် မွေးမြူရေးတိရစ္ဆာန်များတွင် ဓာတုဆေးဝါးများကို တွင်ကျယ်စွာ သုံးစွဲလေ့ရှိသည့်အတွက် ရောဂါများကိုကုသနိုင်သော်လည်း ရေရှည်တွင် ဆေးယဉ်ပါးမှုမှာ ပို၍ဆိုးရွားလျက်ရှိသည်။ ထို့ကြောင့် အစားထိုးကုထုံးများစွာ လိုအပ်သည်။ ရေးကနဦးက အသုံးပြုသောဆေးဝါးအများစုသည် အပင်များမှဖြစ်ပြီး သဘာဝမှရရှိသော ဆေးဝါးများဖြစ်သည်။

ကြက်သွန်ဖြူကို "အနံ့ပြင်းသော ဟင်းခတ်ဥပင် တစ်မျိုးဟူ၍ ရှိသည်"ဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ ကြက်သွန်ဖြူသည် Liliaceae မျိုးနွယ်ဝင်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိသည်။ ကြက်သွန်ဖြူကို ဟင်းခတ်အမွေးအကြိုင်အဖြစ်လည်းကောင်း၊ အမျိုးမျိုးသော ဝေဒနာများနှင့် ဇီဝကမ္မဆိုင်ရာ ချို့ယွင်းမှုများအတွက်လည်းကောင်း အသုံးပြုသော အမည်တစ်မျိုးဖြစ်သည်။

ကြက်သွန်ဖြူသည် အာရှအလယ်ပိုင်းမှ စတင်စိုက်ပျိုးပြီး တရုတ်နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိသွားသည်။ ထိုမှတစ်ဆင့် ကမ္ဘာ့အရှေ့ပိုင်းနှင့် မြေထဲပင်လယ်ဒေသ၊ အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းသို့ လည်းကောင်း၊ ဥရောပ၊ မြောက်အာဖရိက (အီဂျစ်) နှင့် မက္ကဆီကိုစသောနိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။ လူတို့သည် ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက ကြက်သွန်ဖြူကို အသုံးပြုလာကြပြီး ဆေးဖက်ဝင် အသုံးပြုမှုကို လွန်ခဲ့သောနှစ် ၅၀၀၀ ခန့်မှစ၍ အသုံးပြုလာကြသည်။ တရုတ်ဆေးပညာလောကတွင် လွန်ခဲ့သောနှစ် ၃၀၀၀ လောက်မှစ၍ အသုံးပြုခဲ့ကြသည်။ ကြက်သွန်ဖြူကို သွေးကျဲစေသောဆေး၊ သန်ကျဆေး၊ ဒဏ်ရာကို ကုသသောဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ဆီးချိုရောဂါကာကွယ်ဆေး၊ ရောင်ရမ်းမှုကို လျော့စေသောဆေးနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း စသည်ဖြင့် အမျိုးမျိုးသုံးစွဲလျက်ရှိသည်။

အီဂျစ်၊ ဘေဘီလုံ၊ ဂရိနှင့်ရောမလူမျိုးများသည် အနာကျက်စေရန်အတွက် ကြက်သွန်ဖြူကို အသုံးပြုခဲ့ကြသည်။ ယခင်နှစ်ပေါင်း များစွာကတည်းက ကြက်သွန်ဖြူသည် ဗက်တီးရီးယားပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း၊ ထို့ပြင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း အနာများတွင် ထပ်မံ၍ ရောဂါမဝင်စေရန်နှင့်ကာကွယ်ရန် ပိုးသတ်ဆေးအဖြစ် အသုံးပြုခဲ့သည်။

ကြက်သွန်ဖြူ၏ အဓိကဆေးဖက်ဝင် သုံးစွဲမှုများမှာ နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ကာကွယ်ကုသရန် ဖြစ်သည်။ သွေးပေါင်ချိန်နှင့် ကိုလက်စထရောကို လျော့ကျစေသော ပိုးသတ်ဆေး တစ်မျိုးအဖြစ်နှင့် ကြိုတင်ကာကွယ်မှုတစ်ခုအဖြစ် တချို့ကင်ဆာရောဂါတွင် အသုံးပြုလျက်ရှိသည်။ သွေးပေါင်ချိန်နှင့်ကိုလက်စထရောကို လျော့ကျစေသော ပိုးသတ်ဆေးတစ်မျိုးအဖြစ်နှင့် ကြိုတင်ကာကွယ်မှုတစ်ခုအဖြစ် ကင်ဆာရောဂါအချို့တွင် အသုံးပြုလျက်ရှိသည်။ ကြက်သွန်ဖြူတွင် ပါဝင်ပစ္စည်းများစွာပါရှိသည်။ အထူးသဖြင့် ဆာလဖာပါဝင်သော ဒြပ်ပေါင်းများစွာဖြစ်သည်။ ထိုဆာလဖာဒြပ်ပေါင်းများစွာ ကြောင့် ခန္ဓာကိုယ်မှ စုပ်ယူမှုနှင့် ဇီဝဖြစ်စဉ်ကို အသွင်ပြောင်းစေသည်။ ကြက်သွန်ဖြူသည် စုစုပေါင်း ကိုလက်စထရောပါဝင်မှုကို ခန့်မှန်းခြေ ၁၀ ရာခိုင်နှုန်း လျော့နည်းစေနိုင်သည်။

စမ်းသပ်မှုများအရ ကြက်သွန်ဖြူ၏ အာနိသင်သည်သွေးပေါင်ချိန်ကို ၅ ရာခိုင်နှုန်း - ၇ ရာခိုင်နှုန်း လျှော့ချပေးသော အစွမ်းသတ္တိကြောင့် သွေးတိုးရောဂါတွင်လည်း အသုံးပြုကြသည်။ ကြက်သွန်ဖြူသည် သွေးရည်ဥများစုပုံခြင်းကို ဟန့်တားခြင်း၊ ပျက်စီးနေသော အပေါ်ယံအလွှာတွင် သွေးခဲခြင်းကို လျှော့ချပေးပြီး ကြွက်သားမျှင်များ၏ လုပ်ဆောင်ချက်ကို မြှင့်တင်ပေးနိုင်ပါသည်။

ကြက်သွန်ဖြူတွင် ဆာလဖာဒြပ်ပေါင်း ၃၃ မျိုး၊ အင်ဇိုင်းအများအပြား၊ အမိုင်နိုအက်ဆစ် ၁၇ မျိုးနှင့် ဆီလီနီယမ် (Selenium) ကဲ့သို့ သတ္တုဓာတ်များ ပါဝင်သည်။ ကြက်သွန်ဖြူတွင် အခြားကြက်သွန်များထက် ဆာလဖာဒြပ်ပေါင်းများ ပိုမိုပါဝင်သည်။ အခြောက်လှန်းထားသော ကြက်သွန်ဖြူမှုန့်တွင် (ခန့်မှန်းခြေ တစ်ရာခိုင်နှုန်း) အယ်လီအင် Allin (S-allyl cysteine sulfoxide) ပါဝင်သည်။ ကြက်သွန်ဖြူဥကိုကြိတ်ခြေခြင်း သို့မဟုတ် လီးဖြတ်သည့်အခါ ဒြပ်ပေါင်းများထဲမှ တစ်ခုဖြစ်သော အယ်လီစင် Allicin (diallylthiosulfinate)သို့မဟုတ် (Diallyldisulfide) ကို ဖြစ်စေပြီး အယ်လီအင်ကို အယ်လီစင် (Allicin) သို့ ဖြစ်စေသည်။ ဤပြိုကွဲမှုသည် အခန်းအပူချိန်တွင် နာရီပိုင်းအတွင်းနှင့် ချက်ပြုတ်နေစဉ် မိနစ်ပိုင်းအတွင်း ဖြစ်ပေါ်နိုင်သည်။ ဓာတုဗေဒနည်းဖြင့် သီးခြားခွဲထုတ်ခဲ့သည့် အယ်လီစင် (Allicin)တွင် ပိုးသတ်ဆေးအာနိသင်ပါရှိသည့်အပြင် ဗိုင်းရပ်များ၊ ဗက်တီးရီးယားများ၊ မှိုများနှင့် ကပ်ပါးပိုးများစွာကို အကျိုးသက်ရောက်မှုရှိသည်။ ကြက်သွန်ဖြူအဆီနှင့် ရေနွေးငွေ့ဖြင့် ပေါင်းခံထားသော ကြက်သွန်ဖြူတွင် Allin သို့မဟုတ် Allicin ပမာဏလျော့ကျတတ်ပြီး လတ်ဆတ်သော ကြက်သွန်ဖြူလောက် အာနိသင်မကျန်ရှိတော့ပေ။

ဈေးကွက်တွင် ဝယ်ယူသုံးစွဲနေသော သန်ချဆေး အာနိသင်များနည်းတူ ကြက်သွန်ဖြူ၏ အသုံးဝင်ပုံများ

ကြက်သွန်ဖြူဥကို ပါးပါးလှီး၍ ရေနှင့် ဖျော်ကာ 10 mg/ml, 20 mg/ml, 30 mg/ml နှုန်းဖြင့် သိုး၊ ဆိတ်များတွင် တစ်ပတ်လျှင်တစ်ကြိမ် ကျွေးသော အခါ ဒုတိယပတ်တွင် အူလမ်းကြောင်းအတွင်းရှိ သန်ကောင်များမှဥများ သိသာစွာ လျော့ကျသွားခြင်းကို တွေ့ရသည်။ ထိုကဲ့သို့ ကျွေးခြင်းသည် သန်ချဆေးဖြစ်သော (Ivermectin)၏ အာနိသင်ကဲ့သို့ အကျိုးကျေးဇူးရှိကြောင်း တွေ့ရသည်။

ကြက်သွန်ဖြူဥကိုကြိတ်၍ ရရှိသော ကြိတ်ဖတ် အရည် (2.5 ml, 5 ml, 10 ml) ကို ရေ 30 ml နှင့်ရော၍ ဆိတ်များကို ကျွေးသောအခါ ကြက်သွန်ဖြူ၏အာနိသင်မှာ သန်ပြားကောင်များတွင် ၉၃ ရာခိုင် နှုန်း၊ သန်လုံးကောင်များတွင် ၁၀၀ ရာခိုင်နှုန်း အကျိုးကျေးဇူးရှိကြောင်းနှင့် သန်ချဆေးဖြစ်သော Albendazole ဝယ်ယူရသည့် ကုန်ကျစရိတ်ဖြင့်နှိုင်းယှဉ်လျှင် များစွာသက်သာကြောင်း တွေ့ရှိရသည်။

နောက်တစ်နည်းမှာ ကြက်သွန်ဖြူဥကို အရက်ပြန်ဖြင့် သတ္တုရည်ရအောင်ပြုလုပ်ပြီး 1 mg/L နှုန်းဖြင့်ပျိုးထားသော အရွက်သန်များကို ၈ နာရီ တစ်ကြိမ်နှုန်းပေးကြည့်ရာ သန်ချဆေးဖြစ်သော Albendazole, Niclosamide များကဲ့သို့ အာနိသင်ရှိကြောင်း တွေ့ရသည်။

သို့ရာတွင် တိရစ္ဆာန်များအား ကြက်သွန်ဖြူကို သဘာဝအတိုင်းကျွေးရန် ခက်ခဲသော်လည်း သတ္တုရည် သို့မဟုတ် ကြိတ်ဖတ်ကိုပြုပြင်၍ ဆေးတောင့်ပုံစံဖြင့်ထည့်သွင်းကျွေးခြင်းမှာ များစွာလွယ်ကူ အဆင်ပြေပါကြောင်း ရေးသားလိုက်ရပါသည်။

ကျော်စံလင်း(မွေး/ဆေး)

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၀၈ ဧကထိ စိုက်ပျိုးပြီးစီး

ကလေး ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ပထမ ပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို တစ်ဧက ပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်း ဒေါ်မာန်အွေက ဆက်လက်ပြောပြ၍ စိုက်ပျိုးသင့်ကြောင်း ကလေးမြို့နယ် သိရသည်။

(၂၀၆)

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ လက်ဘီပစတူဒီယိုတွင် သစ္စာမေတ္တာရွှေမန်းသဘင်က သဘင်ဖျော်ဖြေပွဲကျင်းပပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ လက်ဘီပစတူဒီယိုတွင် သစ္စာမေတ္တာရွှေမန်းသဘင်က သဘင်ဖျော်ဖြေပွဲကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ သဘင်ဖျော်ဖြေပွဲကို စီစဉ်သည့် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းထံမှ သိရသည်။

သစ္စာမေတ္တာရွှေမန်းသဘင်၏ သဘင်ဖျော်ဖြေပွဲကို သဘင်မင်းသားကြီး ရွှေမန်းချမ်းသာက ဦးဆောင်ကာ သဘင်မင်းသား၊ မင်းသမီးများ ဖြစ်ကြသည့် တင်မောင်ဆန်းမင်းဝင်း၊ မင်းရွှေရောင်တင်၊ ဆန်းမင်းအောင်၊ သီဟလှိုင် (သဘင်စကား)၊ မြင့်မိုရ်ချမ်းသာ၊ စမ်းရေမိုး (ဧည့်သည်) တို့နှင့် အတူ လူရွှင်တော်များဖြစ်ကြသည့် မေတ္တာမြင့်မြတ်ဟိန်း၊ ဗူးသီးတို့က ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း သိရသည်။

"ဇာတ်ပွဲဆိုတာ ပွဲကြည့်သူနှင့် ပွဲကသူတို့ အတူတူဆုံစည်းကြပြီး အတူတူ ရင်ခုန်ခံစားကြရတာကမှ တကယ့်အနှစ်သာရပါ။ ပွဲခင်းထဲလူကိုယ်တိုင် သွားကြည့်ရတဲ့ အရသာကို သဘင်ပွဲချစ်သူတိုင်း သိပြီးသားမို့ စိတ်အာဟာရ လိုအပ်ချက်ကို ဖြည့်စွက်ရအောင်လို့ သစ္စာမေတ္တာရွှေမန်းသဘင်က သဘင်ဖျော်ဖြေပွဲကို စီစဉ်လိုက်တာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ သဘင်ဖျော်ဖြေပွဲကို ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်ရှိ လက်ဘီပစတူဒီယိုတွင် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီမှ စတင်ကာ ည ၆ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

ASH

Happy Hours ရုပ်ရှင်ဇာတ်ကားကို မင်းသမီး ကေတီဟုမ်းကိုယ်တိုင်ရိုက်ကူးမည်ဖြစ်

နယူးယောက် ဇူလိုင် ၂၄

Happy Hours အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို မင်းသမီး ကေတီဟုမ်းက ကိုယ်တိုင်ရိုက်ကူးပြီး ကိုယ်တိုင်ပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

Happy Hours ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ကပင် ရေးသားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ကေတီဟုမ်းနှင့်အတူ မင်းသား ဂျိုရှုဝါဂျက်ဆင်၊ မင်းသမီး မာရီလူးဝစ်ပတ်ကားနှင့် ကွန်စတန့်ဝူတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ကေတီဟုမ်းသည် Happy Hours ကို ဇာတ်ကားသုံးကားတွဲအဖြစ် ရိုက်ကူးမည်ဖြစ်ရာ အထက်ပါ ဇာတ်ကားမှာ ပထမဆုံး Happy Hours ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် နွေရာသီအတွင်း နယူးယောက်မြို့၌ စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် Happy Hours ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဒိုးတူပေါင်ဖက်ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို သယ်နိုးကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်တွင် ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည့် ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဇူလိုင် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်နိုးကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်တွင် ကျင်းပခဲ့ကြောင်း ဒါရိုက်တာ ထွဋ်ဦးတင့်ထွန်းထံမှ သိရသည်။

အဆိုပါ ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ခံစားရေးဖွဲ့ထားပြီး ငွေစင်သွန်း၊ သက်အိမ်မှူးတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ထွဋ်ဦးတင့်ထွန်းက Mahar Application အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

" ဒီဇာတ်လမ်းတွဲမှာ သရုပ်ဆောင်တွေက များတယ်ဆိုပေမဲ့ ဇာတ်ဝင်ခန်းကဏ္ဍမှာ သူ့ဟာနဲ့ သူမို့တော်တော်လေး ကောင်းပါတယ်။ ထိတ်လန့်သည်းဖိနဲ့ ဒရာမာလဲပါတယ်။ ဟာသလေးလဲ ပါပါတယ်။ ဇာတ်လမ်းတွဲလေးက မြင်ဖူးနေကျ ဇာတ်လမ်းမျိုးတော့ မဟုတ်ပါဘူး။ ဝိညာဉ်တွေရောဆိုတော့ အပိုင်းကတော့ ၂၀ ရှိပါတယ်။ ဒိုးတူပေါင်ဖက် စုံတွဲတွေ ဘယ်လိုဖြေရှင်းကြမလဲဆိုတာကို ပရိသတ် အကြိုက်တွေ့စေမဲ့ ဇာတ်လမ်းတွဲပါ" ဟု ဒါရိုက်တာ ထွဋ်ဦးတင့်ထွန်းက ပြောပြသည်။

အဆိုပါ ဒိုးတူပေါင်ဖက် ဇာတ်လမ်းတွဲတွင် ကျော်ထက်ဇော်၊ ဟိန်းသစ်စ၊ မျိုးကိုကျော်၊ Kai ဇွဲ၊ ထူးနိုင်လင်း၊ ဝီလျှံမင်းမြတ်၊ ဝေလာရီ၊ ခြူးစစ်ဟန်၊ မိုးပွင့်ဖြူ၊ ဇွဲရတီ၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သန်းသန်းစိုး၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

Buddy ထိတ်လန့်သည်းဖိဇာတ်ကား၌ မင်းသမီး ခရစ္စတင်းမီလီယိုတီ ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၄

Buddy အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ခရစ္စတင်းမီလီယိုတီ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

မင်းသမီး ခရစ္စတင်းမီလီယိုတီသည် HBO ရုပ်သံလိုင်း၏ The Penguin ဇာတ်ကားဖြင့် အမ်မီဆု ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Buddy ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်နှင့် ခရစ္စတင်းမီလီယိုတီ သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်တို့ကို မသိရသေးကြောင်း သိရသည်။

Buddy ဇာတ်ကားကို ဒါရိုက်တာ ကတ်စပါးကယ်လီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ကတ်စပါးကယ်လီနှင့် ဇာတ်ညွှန်းရေးဆရာ ဂျေမီကင်းတို့က ရေးသားပေးထားသည်။

Buddy ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခု သီတင်းပတ်အတွင်း အိုဟိုင်းယိုးပြည်နယ်၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Buddy ဇာတ်ကားရုံတင်ပြသမည့် ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ရမ္မက်ဇာတ်လမ်းတွဲကို Mahar Application မှ ဇူလိုင်လနောက်ဆုံးပတ်တွင် ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် ဇူလိုင် ၂၄

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရမ္မက် ဇာတ်လမ်းတွဲကို Mahar Application မှ မူပိုင်ဇာတ်လမ်းတွဲအဖြစ် HD Quality ဖြင့် ဇူလိုင်လနောက်ဆုံးပတ်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ယုသန္တာတင်ထံမှ သိရသည်။

အဆိုပါ ရမ္မက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လူညိုချော၊ ဇာဏ်က ရေးသားပြီး ဇာတ်ညွှန်းကို သီလ၊ ဇာဏ်တို့က ရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူရိုက်ကူးထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

" ရမ္မက်ဇာတ်လမ်းတွဲဟာ ပရိသတ်တွေ မြင်နေကျဇာတ်လမ်းတွေနဲ့ကွဲထွက်တဲ့ ဇာတ်အိမ်ကြီးကြီး၊ ဇာတ်ကောင်များများနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ အလိုရမ္မက်ကြီးမားတဲ့ အထက်တန်းလွှာမိသားစုရဲ့ အမွေအရှုပ်တော်ပုံနဲ့ ထူးထူးခြားခြား အိမ်ဖော်တွေရဲ့ပြိုင်ဆိုင်မှုတွေကို မြင်တွေ့ရမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်" ဟု သရုပ်ဆောင် ယုသန္တာတင်က ပြောပြသည်။

အဆိုပါ ရမ္မက် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ ထက်အောင်ရှိုင်း၊ မျိုးဇေယျာဝင်း၊ အာပူကြူး၊ ခိုင်နင်းဝေ၊ ယုသန္တာတင်၊ သွန်းဆက်၊ မေဂရေ့စ်၊ ဆုအိမ့်စံ၊ သင်းသဲဗို၊ ရွှေပုံ၊ လင်းလက်ခွန်းချို၊ ဝါဝါအောင်၊ စနိုးစံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Tatmadaw columns recontrol and reopen Kyondoe-Kawkareik Union Highway blocked by KNU, KNLA and PDF combined terrorist group

Tatmadaw columns regain control of the Kyondoe–Kawkareik route.

Nay Pyi Taw July 24

Located on Hpa-an-Myawady road, Kawkareik town in Kawkareik District, Kayin State is an economic hub. The town, which is about 41 miles from Mayaway, a town on the Myanmar-Thai border, is also located on the Asian Highway and a transport hub that can travel to Myawady, Hpa-an, Mawlamyine and Kya-in-Seikkyi.

A combined terrorist group of KNU, KNLA and PDF, with the intention of controlling Kawkareik and Hpa-an-Kawkareik-Myawady section of the Asian Highway and halting border trade flow and government machinery, in early April, tried to enter Kawkareik with a large number of gunmen in two files, one from Kaungmhu, Yankok and Kyaungshagon village in the north of Kawkareik along old Kawkareik-Thingannyinaung road and another from Lanpa-Ason-Taminegon in the south to totally seize Kawkareik and local battalion headquarters. Moreover, their heavy weapon fire from afar had burnt down office/department buildings and residences and forced the residents to temporarily flee, leaving behind their property.

In accord with the four oaths, they were residing again and again, members of the Tatmadaw columns bravely fought back the enemy at the risk of their life with firm determination to save the town and local battalions from falling into the hands of terrorist insurgents. The soldiers launched counterstrikes after protecting the town with the defensive operations. During the battle that lasted from 19 to 22 April, terrorist insurgents suffered heavy losses and fled in disarray.

After their withdrawal, KNU and KNLA armed terrorist insurgents instigated local students and youths, who ran away from their native places to Kayin State and areas near border with Thailand due to various reasons including political causes, through political and military incentives, at the places they were residing under the bilateral understanding of the signed NCA, provided them with terrorist training and armed them. KNU and KNLA then formed alliance with the PDF terrorist group, they had raised with the intention of increasing their strength and using the group as their frontline suicide squads. On 13 April 2025, the terrorist insurgents in five files, along Aukbotae-Yankok-Kawkareik route, Aukbotae-Myapadaing,-Ohntabin-Inngyi-Kyindoe route, MIkalon-Naungtaman-Tawalae-Nwachangon-Kyondoe route, Taungkyainn-Myaukkyainn-koetaing-Ngataing-laytaing route, and

See Page 13

Bodies of KNU, KNLA, and PDF terrorists seized, along with communication trenches and bunkers, discovered during the clearance operation in the Kawkareik-Kyondoe route area.

A documented photo showing the booby-trapped escape route near the 5-pole bridge on the Kyondoe–Kawkareik route, set up by fleeing terrorists from KNU, KNLA, and PDF as they retreated in disarray.

A documented photo showing KNU, KNLA, and PDF terrorists blocking and occupying positions along the Kyondoe–Kawkareik route.

A documented photo of the Hindu temple damaged by KNU, KNLA, and PDF terrorists.

A documented photo of trees cut down and used to block the road by KNU, KNLA, and PDF terrorists as they fled in disarray.

From Page 12

Sekkawut-Aunghlaing-Taminegon-Kawkarek route, reentered the area, blocked the Kyondoe-Kawkareik-Myawady Asian Highway and launched violent attacks against Kyondoe and Kawkareik with extreme force with the intention of realizing their military goals again through attempts to completely occupy Hpa-an-Kyondoe-Kawkareik-Myawady Asia Highway and Kyondoe and Kawkareik, that were the center points in the border trade route. The blockage and the attacks had halted local trade flow, causing a rise in commodity prices and social hardships for the locals and finally a socioeconomic downturn.

Regarding the reopening of routes blocked by the KNU, KNLA, and PDF terrorist alliance, and the resumption of normal vehicular traffic, starting from April 13, 2025, Tatmadaw columns, upholding the Tatmadaw's noble traditions and unwavering spirit—never lowering the flag, fighting with relentless determination, and advancing one commander after another—launched fierce offensives against the terrorists carrying out destructive operations between Kyondoe and Kawkareik. Over the course of more than three months of military operations, seven major battles and 85 skirmishes took place. Several enemy leaders were severely wounded, and 17 enemy corpses, 30 assorted weapons, and related equipment were seized. Some Tatmadaw personnel were injured or sacrificed their lives. Today, on July 24, the Tatmadaw successfully regained control and reopened the Kyondoe-Kawkareik route, completely crushing the enemy's military objectives.

As the terrorists fled in disarray, they employed various methods to carry out sabotage, including burning vehicles, blocking roads with felled trees and branches, and demolishing bridges—such as the Nyi Nyi Thar Lin Bridge and the Five-Pole Bridge—between Kyondoe and Kawkareik.

Tatmadaw columns are continuing operations along the route to ensure the safe and normal movement of local residents, travelers, cargo transport vehicles, and passenger vehicles. Repair work is underway on roads and bridges destroyed by the terrorists, along with mine clearance operations. Efforts are also being made to swiftly clear the remaining sections of the road to fully restore normal traffic flow through the Asian Highway via Myawaddy. Additionally, the second phase of reconstruction in Kyondoe and Kawkareik towns, along with surrounding villages, is progressing. Simultaneously, measures to enforce the rule of law, stabilize the region, and establish territorial control are being carried out. 100

Ayadaw Township cultivate more than 14,000 acres of groundnut in monsoon

Ayadaw July 24

Monywa District Agriculture Department stated that local farmers from Ayadaw Township of Sagaing Region have planted more than 14,000 acres of groundnut this monsoon.

For the 2025-2026 monsoon crop season, Ayadaw Township has set a target of cultivating 16,980 acres of groundnut. Planting began in May of this year, and as of today, 14,852 acres have already been cultivated.

"This year, during the monsoon season, we've planned to cultivate over 16,000 acres of groundnut in Ayadaw Township. As of now, over 14,000 acres have already been planted, and cultivation is still ongoing to meet the target. Groundnut, as an oil crop, is performing well. Groundnut cultivation has seen steady improvement year over year," said Daw San San Myint, Head of the Monywa District Department of Agriculture.

In Ayadaw Township, it is reported that groundnut cultivation requires about 1.5 baskets of seeds per acre, with total production costs—including seed, labor, fertilizer, and pesticides—exceeding 200,000 kyats per acre. Farmers typically harvest over 50 baskets per acre.

To ensure success in groundnut cultivation this year, staff from the Township Department of Agriculture have been inspecting the fields, keeping records, and providing support to help farmers prevent pest and disease outbreaks and maintain weed-free fields. 206

9 Thai civilians killed in Thailand-Cambodia border clash: Thai army

Bangkok July 24

Nine Thai civilians were killed and 14 others injured in military attacks near the Thailand-Cambodia border on Thursday, the Thai Army said in a statement.

The Thai Army said seven civilian targets in four northeastern Thai provinces were attacked by Cambodian supporting fire weapons, resulting in damage to homes, businesses, crops, and livestock.

The situation escalated following skirmishes that began Thursday morning when Thai and Cambodian troops exchanged fire at a disputed area. Xinhua

Evacuated residents are pictured in Surin Province, Thailand, following Thailand-Cambodia border clash on July 24, 2025.

166 aid trucks enter Gaza overnight: Egyptian source

Cairo July 24

About 166 aid trucks have entered the Gaza Strip overnight, Egypt's Al-Qahera News TV channel quoted an anonymous security source as saying on Thursday.

The source affirmed the entry of the humanitarian relief trucks into the besieged enclave starting from Wednesday night till the early morning of Thursday via the Zikim and the Kerem Shalom/Karem Abu Salem border crossings.

The aid included flour, food, and medical supplies, the source said, adding that "Egypt has been intensifying its efforts with all international parties to bring more aid into the Gaza Strip during the current period."

The humanitarian situation in Gaza continues to deteriorate as Israel halted the entry of goods and supplies into the strip following the expiration of the first phase of a January ceasefire agreement with Hamas. Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တူကီယဲ ASELSAN ကုမ္ပဏီက မျိုးဆက်သစ်စစ်လက်နက်များကို IDEF 2025 ပြပွဲတွင် ပြသလျက်ရှိ



တူကီယဲ ASELSAN ကုမ္ပဏီသည် ကြည်းတပ်၊ ရေတပ်၊ လေကြောင်းနှင့် အာကာသအပါအဝင် နယ်ပယ်အားလုံးတွင် မျိုးဆက်သစ် စစ်လက်နက်များကို အစ္စတန်ဘူလ် မြို့တော်တွင် ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်ထိ ကျင်းပမည့် နိုင်ငံတကာကာကွယ်ရေးစက်မှုပြပွဲ(IDEF 2025)တွင် မိတ်ဆက်ပြသလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ASELSAN ကုမ္ပဏီအနေဖြင့် IDEF 2025 ကာကွယ်ရေးစက်မှုပြပွဲတွင် လုပ်ငန်းလည်ပတ်မှု နယ်ပယ်အားလုံးတွင် ခေတ်မီကာကွယ်ရေးနှင့် လုံခြုံရေးနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် ပြသလျက်ရှိပြီး ရေပေါ်ရေအောက်စနစ်များမှသည် လေကြောင်းပျံသန်းမှု၊ ဆက်သွယ်ရေးကွန်ရက်များ၊ electro-optics၊ ရေဒါ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၊ တိကျလမ်းညွှန်ကိရိယာများ၊ နည်းဗျူဟာမြောက် ဆက်သွယ်ရေးစနစ်များ၊ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဖြေရှင်းချက်စနစ်များ၊ အမြောက်၊ မော်တာစနစ်များနှင့် အဆင့်မြှင့်တင်ရေး အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အရပ်ဘက်သုံး လုံခြုံရေးဖြေရှင်းချက်များ၊ ဂြိုဟ်တုဆက်သွယ်ရေး payload များနှင့် မောင်းသူမဲ့၊ မောင်းသူပါ သောလုပ်ငန်းစဉ်နှစ်ခုလုံးအတွက် ကွဲပြားသော payloads များကို ပြသသွားမည်ဖြစ်သည်။ ASELSAN ကုမ္ပဏီ၏ ပြခန်းများတွင် ထူးခြားသော အင်္ဂါရပ်များထဲမှတစ်ခုမှာ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးသဘောတရားကို ထုတ်ဖော်ပြသထားသည့် Steel Dome ပြခန်းပင်ဖြစ်သည်။

ကုမ္ပဏီသည် အနာဂတ်စစ်မြေပြင်အတွက် ၎င်း၏နည်းပညာဆိုင်ရာမျှော်မှန်းချက်ကို ထင်ဟပ်စေမည့် IDEF 2025 ပြပွဲကာလအတွင်း အသစ်တီထွင်ထုတ်လုပ်ထားမှုများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။ မျိုးဆက်သစ်စစ်ဆင်ရေးစနစ်များတွင် ASELSAN ကုမ္ပဏီသည် တိကျသော တိုက်ခိုက်မှုများ၊ နည်းဗျူဟာမြောက်ဆက်သွယ်ရေး၊ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးနည်းပညာများ၊ မောင်းသူမဲ့ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် ယာဉ်တင်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များအတွက် အဆင့်မြင့်နည်းပညာများကို မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ခေတ်သစ်ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြသည်။

ASELSAN ကုမ္ပဏီသည် ရေတပ်နယ်ပယ်တွင် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်များ၊ ကိုယ်ပိုင်လုပ်ဆောင်နိုင်သည့် ရေအောက် စစ်ဘက်သုံးနည်းပညာများနှင့် ရေတပ်၏ဘက်စုံသုံးရေဒါစနစ်များတွင် ၎င်း၏နောက်ဆုံးပေါ်ဆန်းသစ်တီထွင်မှုများကို ထုတ်ဖော်ပြသမည်ဖြစ်သည်။ ကုမ္ပဏီသည် ၎င်း၏နောက်ဆုံးပေါ် နည်းဗျူဟာမြောက် ဒေတာလင့်ခ်ဖြေရှင်းချက်များနှင့် လေကြောင်းသာလွန်ကောင်းမွန်မှုအတွက် အဆင့်မြင့် electro-optical စနစ်များကို ထုတ်ဖော်ပြသမည်ဖြစ်ပြီး၊ နယ်ပယ်အားလုံးတွင် ဉာဏ်ရည်တုနည်းပညာသုံး ကာကွယ်ရေးစွမ်းရည်များ ပေါင်းစပ်အသုံးပြုနိုင်ရန် ၎င်း၏ကတိကဝတ်ကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Aselsan to Introduce Next-Generation Technologies at IDEF 2025 ကို ဘာသာပြန်ဆိုထားပါသည်။

ချက်သမ္မတနိုင်ငံက MARS ဘီးတပ်သံချပ်ကာယာဉ်ပေါ်တွင် RBS 70 NG ဒုံးကျည်စနစ်များပေါင်းစည်းရန် ဆွီဒင်နိုင်ငံနှင့်လက်မှတ်ရေးထိုး

ချက်သမ္မတနိုင်ငံသည် MARS ဘီးတပ်သံချပ်ကာယာဉ်ပေါ်တွင် RBS 70 NG တာနီးပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ပေါင်းစည်းရန် ချက်သမ္မတနိုင်ငံ စစ်လက်နက်ပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးချုပ် Lubor Koudelka နှင့် ဆွီဒင်ကာကွယ်ရေးကုမ္ပဏီ SAAB Dynamics AB မှ အရောင်းနှင့် ဈေးကွက်ရှာဖွေရေး ဒါရိုက်တာ Johan Stjarnlov တို့သည် သဘောတူစာချုပ်ကို တရားဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤယာဉ်များတွင် ချက်သမ္မတနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ SVOS Prelouc မှ တီထွင်ထားသော အဝေးထိန်းဆုံလည်စနစ်ပါဝင်မည်ဖြစ်ပြီး အမှတ်(၂၅) လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်တပ်ရင်းကြီးက ၂၀၂၈ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း တပ်ဖြန့်အသုံးပြုမည်ဖြစ်သည်။

ချက်သမ္မတနိုင်ငံ ကြည်းတပ်အတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်သည် ပြည်တွင်းကုမ္ပဏီ SVOSမှထုတ်လုပ်ထားသော လေးဘီးတပ် MARS သံချပ်ကာယာဉ်ပေါ်တွင် တင်ဆောင်ထားခြင်းဖြစ်သည်။ အဝေးမှ တည်ငြိမ်စွာထိန်းကျောင်းလုပ်ဆောင်နိုင်သော ဆုံလည်စနစ်ဖြင့် ပစ်ခတ်ရန် အသင့် ဒုံးပစ်လောင်ချာသုံးခုပါရှိကာ တစ်ခုစီတွင် ဆွီဒင်နိုင်ငံ SAAB ကုမ္ပဏီထုတ် RBS 70 NG မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းစီသယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

RBS 70 NG ဒုံးကျည်သည် မောင်းသူမဲ့လေယာဉ်များ၊ အတောင်တပ်နှင့် ပန်ကာတပ်လေယာဉ်များ၊ ခရုဓ်ဒုံးကျည် များကို အကွာအဝေး ကိုးကီလိုမီတာ၊ အမြင့် မီတာ ၅၀၀၀ အတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ လေဆာရောင်ခြည်လမ်းညွှန်ထိန်းကျောင်းရေးစနစ်သည် ရန်သူ Jamming နှင့် flares များကဲ့သို့ အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းလမ်းများကို ခံနိုင်ရည်ရှိစေမည်ဖြစ်ကာ တန်ပြန်အီလက်ထရွန်နစ်စစ်ဆင်ရေးများဖြင့် ပြည့်နှက်နေသော ပတ်ဝန်းကျင်အခြေအနေများတွင် တိုက်ပွဲဝင်နိုင်စွမ်းကို သေချာစေမည်ဖြစ်သည်။ ပေါင်းစည်းထားသော အလိုအလျောက်ခြေရာခံထိန်းကျောင်းရေး လုပ်ဆောင်ချက်နှင့် အဆင့်မြင့် အပူဇွေ့ရှာပုံဖော်စနစ်တို့သည် နေ့၊ ညမရွေး တိုက်ပွဲဝင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်းတည်ဆောက်နိုင်သော ဒီဇိုင်းကြောင့် လုပ်ဆောင်ချက်အမျိုးမျိုးတွင် လိုက်လျောညီထွေဖြစ်စွာနှင့် လျင်မြန်စွာ တပ်ဖြန့်ချထားနိုင်စေမည်ဖြစ်သည်။ ယာဉ်တင်ဖွဲ့စည်းပုံသည် အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးအခန်းကဏ္ဍမှ ခြိမ်းခြောက်မှုမြင့်မားသောဇုန်များတွင် တာဝန်ထမ်းဆောင်နေသည့် လူပ်ရှားတပ်ဖွဲ့များကို ကာကွယ်ပေးနိုင်မည့် ရွှေ့လျားလေကြောင်းရန်ကာကွယ်ရေး

ဖြေရှင်းချက်အဖြစ် ပြောင်းလဲဖော်ဆောင်မှုကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

ချက်သမ္မတနိုင်ငံ စစ်လက်နက်ပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးချုပ် Lubor Koudelka က ဤဝယ်ယူမှုသည် ကြည်းတပ်၏ မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ခိုင်မာအားကောင်းစေပြီး NATO အဖွဲ့၏ ကျယ်ပြန့်သော ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအတွက် မျှော်မှန်းချက်များကို ပြည့်မီစေလိမ့်မည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

သံချပ်ကာ ကာကွယ်မှုနှင့် တည်ငြိမ်သော ဆုံလည်စနစ်တို့တပ်ဆင်ထားသည့် လေးဘီးတပ် MARS ယာဉ်ပေါ်တွင် RBS 70 NG ဒုံးကျည်စနစ်ကို တပ်ဆင်ခြင်းဖြင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အကာအကွယ်မဲ့ဖြစ်နေခြင်းမှ ကင်းဝေးစေမည်ဖြစ်သည်။ စစ်သည်များအား ကာကွယ်ပေးနိုင်မှုပါ လိုအပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ MARS-RBS 70 NG ပေါင်းစပ်မှုသည် ဤလိုအပ်ချက်များအပေါ် တုံ့ပြန်ချက်တစ်ရပ်ဖြစ်ပြီး ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် တောင်ပံတပ်လေယာဉ်များအပါအဝင် အနိမ့်ပျံသန်းသော ခြိမ်းခြောက်မှုများမှ ရှေ့တန်းတပ်ဖွဲ့များကို ကာကွယ်ရန် အစွမ်းထက်၊ ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

Czech Republic orders 24 MARS vehicles with RBS 70 NG missiles for air defense modernization. ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ထီးချိုင့် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၀၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာယနေ့တွင် ဧက ၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ မုန်လာထုပ်သီးနှံတွေစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

အပိုးတန်ရေချိုကို ချွေတာကြပါစို့

ဧီးကုန်းမြို့နယ် ဖောင်တင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဧီးကုန်း ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဧီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဖောင်တင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ ချေးငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဟင်းသီးဟင်းရွက်စိုက်ပျိုးထားရှိမှု အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဧီးကုန်းမြို့နယ် ဖောင်တင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ဧီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုလေး

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ခြောက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ခြောက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရံ့ခြောက်ပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ပြီး ဇွန်လအတွင်း ငါးရံ့ခြောက်ပိသာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ငါးရံ့ခြောက်ပိသာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်ကမှာယူမှု များနေတဲ့အတွက် အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးခြောက်အကြီးအသေးအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက်တစ်ပိသာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၅၈၀၀၀ ထိရှိကြောင်း၊ အဆိုပါ ငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ဆင်ပေါင်ဝဲမြို့နယ် မြောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဆင်ပေါင်ဝဲ ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင်၂၃ ရက်နံနက်ပိုင်းက မကြီးကန်ကျေးရွာအုပ်စု မြောင်ကြီးကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၄၃၉ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြောင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၃၂၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၈၆ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၂၃ ဒသမ ၅ သိန်း၊ စုစုပေါင်းအဖွဲ့ဝင် ၁၂၅ ဦးကို ငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

ငြိမ်းသူ(စလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(CIDCA)ဥက္ကဋ္ဌ Mr.Chen Xiaodong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ကူညီပံ့ပိုးပေးနိုင်မည့်အခြေအနေ၊ မြန်မာအစိုးရနှင့် CIDCA တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများ၌ ဦးစားပေး အကောင်အထည်ဖော်လိုသည့် စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီး၊ CIDCA မှတာဝန်ရှိသူများနှင့် တရုတ်သံရုံးမှသံတမန်များ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌတို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌတို့က တရုတ်-မြန်မာချစ်ကြည်ရေးအဆင့်မြင့်အထူးကုဆေးရုံကြီးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဖြစ်နိုင်ခြေလေ့လာသုံးသပ်မှုအတွက် စာလွှာလက်မှတ်ရေးထိုး လဲလှယ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်မှစတင်၍ ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထို့သို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀ လာရောက်ကျောင်းအပ်နှံကြပြီး ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်သားများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည်။ အဆိုပါ ကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ ယနေ့ထိ သတ်မှတ်ထားပြီး ယနေ့ထိ ကျောင်းသား၊ ကျောင်းသူ ၄၅၆ ဦး လာရောက်အပ်နှံထားကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းသား၊ ကျောင်းသူများအေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့်မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၁ ဦးတို့ကို ကျန်မာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအားခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက အခြေခံပညာ ကျောင်းများ၌ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် ၉၈ နှစ်မြောက် အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် ၉၈ နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့် နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်စစ်သံမှူး Senior Colonel Qu Zheနှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး ခန်းမအတွင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် ၉၈ နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် ၉၈ နှစ်မြောက်အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel QuZheက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့်ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် ၉၈ နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများကိုဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ဇနီးများ၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နောင်ချိုမြို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ပညာရေးကဏ္ဍတွင် နစ်နာဆုံးရှုံးမှုများမဖြစ်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပညာသင်ကြားပေးကြမည့် ဆရာ၊ ဆရာမများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ တပ်မတော်မှတာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီးမြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀ ၊ ခဲတံ ဒါဇင် ၃၈၆၀၊ ဘောပင်အချောင်း ၃၀၀၀ နှင့်ကျောင်းဝတ်စုံ ၂၀၀ တို့ကိုလည်းကောင်း၊ ဆရာ၊ ဆရာမများအတွက် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံတို့ကိုလည်းကောင်းပေးအပ်ချီးမြှင့်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား၊ ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့် ဒေသများရှိ ကျောင်းသား၊ ကျောင်းသူများနည်းတူ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ဆရာ၊ဆရာမများနှင့်ကျောင်းသားမိဘများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျောင်းသား၊ ကျောင်းသူတွေအတွက် ပညာရေးဝန်ကြီးဌာနက ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံးဗလာစာအုပ်တွေ၊ ပုံနှိပ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပေးပြီး မြန်မာ့တပ်မတော်ကလည်း ဆရာ၊ ဆရာမတွေအတွက် တိုက်ပုံအင်္ကျီနဲ့ အဖြူ၊အစိမ်းကျောင်းဝတ်စုံတွေကို ထောက်ပံ့ပေးပါတယ်။ ဇူလိုင် ၁၉ ရက်မှာ ကျွန်မတို့ နောင်ချိုမြို့ထဲကိုပြန်ဝင်လာပြီးတဲ့အခါမှာကျောင်းတွေကိုလှည့်လည်ပြီး ကြည့်ရှုပါတယ်။ အထက(၁)ကိုဦးစားပေးအနေနဲ့ဖွင့်ဖို့အတွက် ၂၀ ရက်နေ့မှာတပ်မတော်ရဲ့ အကူအညီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အခြားဌာနဆိုင်ရာဝန်ထမ်းတွေရဲ့အကူအညီနဲ့ သန့်ရှင်းရေးကိုဆောင်ရွက်ခဲ့ပါတယ်။ လူထုတွေ့ဆုံပွဲတွေဆောင်ရွက်ခဲ့ပြီးတော့ ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် အသိပညာတွေပေးခဲ့ပါတယ်။ အသိပညာတွေပေးပြီးတဲ့ အခါ ၂၂ ရက်နေ့မှာကျောင်းသားတွေကိုစတင်ပြီးတော့ ကျောင်းအပ်လက်ခံခဲ့ပါတယ်။ တစ်မြို့လုံးမှာရှိတဲ့ ကျောင်းပေါင်းကိုးကျောင်းက ကျောင်းသားတွေကို အထက(၁)မှာပဲ ပထမဦးဆုံးကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဦးစားပေးအနေနဲ့ ဖွင့်လှစ်ဖို့အတွက် အကြီးအကဲများက စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုမျိုးမြန်မာ့တပ်မတော်ကပြန်လည်ထိန်းချုပ်ပြီး အေးချမ်းသွားတဲ့အချိန်မှာ ကျွန်မတို့ပြန်လည်ဝင်ရောက်လာပါတယ်။ ကျွန်မတို့ရဲ့မိဘတွေ၊ ကျောင်းသား၊ ကျောင်းသူတွေကို မြင်တွေ့ရတဲ့အခါမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းဖွင့်ပေးတဲ့အချိန်မှာ ကြီးကြပ်ကူညီပေးတဲ့ မြန်မာ့တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့တွေရဲ့ဦးဆောင်မှုနဲ့ ဒီကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်မအနေနဲ့ အတိုင်းမသိဝမ်းသာကြည်နူးရပါတယ်" ဟု ပြောသည်။

"အခုလို ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့ကျောင်းသားမိဘတွေလည်းအတိုင်းမသိဝမ်းသာရပါတယ်။ စာအုပ်တွေ၊ ခဲတံတွေ၊ ကျောင်းဝတ်စုံတွေပေးတော့ ကျွန်မတို့ကျောင်းသားမိဘတွေအတွက် အများကြီးအဆင်ပြေတဲ့အတွက်ကြောင့် အကြီးအကဲများကို အထူးပဲကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။ (၅၀၁)

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်း၌ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့်စုံ စားသောက်ဖွယ်ရာများကို အသီးသီးပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့်စုံ စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)ပါ **"ကော်မတီ"** ဆိုသည့်စကားရပ်ကို **"အမျိုးသားကော်မတီ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(ဂ)ပါ **"လုပ်ငန်းကော်မတီ "** ဆိုသည့် စကားရပ်ကို **"နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း(၁၀) ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

"အခကြေးငွေနှင့် ဒဏ်ကြေးငွေများ သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း"

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၄၉ တွင်-

(က) ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်-

"ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်-"

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၀ ပါ "အခကြေးငွေများ" ဆိုသည့်စကားရပ်ကို "အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၁ တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

(ခ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၂တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

(ခ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်၊

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေးပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ(က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားရှိမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက လူနေအိမ်များကို ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက ညီညာသာလင်းတံတားကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက ညီညာသာလင်းတံတားကို မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သစ်ပင်များ ခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ငါးတိုင်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❑ **ကျောဖုံးမှအဆက်**

အစိုးရအုပ်ချုပ်မှု ယန္တရားများရပ်တန့်စေရန် ရည်ရွယ်၍ KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်း အဖွဲ့များသည် ကော့ကရိတ်မြို့နှင့်နယ်မြေခံ တပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သင်္ကန်းညီနောင် လမ်းဟောင်းအတိုင်း ကော့ကရိတ်မြို့မြောက်ဘက်ရှိ ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်ရှာကုန်းကျေးရွာတို့မှ လည်းကောင်း၊ မြို့တောင်ဘက် လမ်းဖာ - အစွန်း - တမိုင်ကုန်းမှလည်းကောင်း၊ စစ်ကြောင်းနှစ်ကြောင်းဖြင့် ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့် အပြင် အဝေးမှနေ၍လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများကြောင့် ရုံး၊ ဌာန အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များ ရန်သူ့လက်သို့ ကျရောက်ခြင်းမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ သစ္စာလေးချက်ရွတ်ဆိုကြသည့် တပ်မတော်သားကောင်း ရတနာများပီပီ မဆုတ်မနစ်သော ဇွဲ၊လုံ့လ၊ ဝီရိယဖြင့် ရွပ်ရွပ်ချုံချုံဖြင့် မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ ဧပြီ ၁၉ ရက်မှ ၂၂ ရက်ထိ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက်အကျအဆုံးများစွာ ဖရိုဖရဲပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ထိုသို့ဆုတ်ခွာထွက်ပြေးသွားပြီးနောက် KNU ၊ KNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများသည် NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဖက်နားလည်မှုဖြင့် ခွင့်ပြုပေးထားသည့် မြန်မာ-ထိုင်းနယ်စပ်အနီး ၎င်းတို့အဖွဲ့အစည်းနေထိုင်သည့် နေရာများ၌ ပြည်တွင်းမှနိုင်ငံရေးအရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့်ထိုင်းနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသား၊ လူငယ်များအားလုံးကို နိုင်ငံရေး၊ စစ်ရေး မက်လုံးများပေးလျက် သွေးကြွစေပြီး အဆိုပါလူငယ်များကို အကြမ်းဖက်သင်ခန်းစာသင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း စသည့်အခွင့်အရေးများ အပြည့်အဝရယူအသုံးချကာ KNU ၊ KNLA အဖွဲ့၏ အင်အားတိုးပွားတောင့်တင်းခိုင်မာစေရေးနှင့် KNU၊ KNLA အဖွဲ့၏ရှေ့ကာတပ်အဖြစ် အသေခံအသုံးချခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များပူးပေါင်းလျက် ၎င်းတို့၏ စစ်ရေး ရည်မှန်းချက်များကို ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိက အချက်အချာကျသည့် ဘားအံ-ကျုံဒိုး-ကော့ကရိတ်- မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် လမ်းကြောင်း ငါးကြောင်းဖြစ်သည့် အောက်ဘိုတဲ - ရန်ကုတ် - ကော့ကရိတ်လမ်းကြောင်း၊ အောက်ဘိုတဲ-မြပတိုင် - အုန်းတပင် - အင်းကြီး - ကျုံဒိုးလမ်းကြောင်း၊ မိကလုံ - နောင်တမံ - တာဝါလဲ- နွားခြံကုန်း - ကျုံဒိုးလမ်းကြောင်း၊ တောင်ကြာအင်း-မြောက်ကြာအင်း - ကိုးတိုင်- ငါးတိုင်- လေးတိုင်လမ်းကြောင်း၊ စက္ကဝက်- အောင်လှိုင် - တမိုင်ကုန်း-ကော့ကရိတ် လမ်းကြောင်းများဖြင့် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုး-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ပိတ်ဆို့ပြီး ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့ကို အပြင်းအထန် တိုက်ခိုက်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့တိုက်ခိုက်မှုများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲဖြစ်ပေါ်ခဲ့ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် **စာမျက်နှာ ၂၀ သို့**

ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းစဉ် KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြီးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၁၉ မှအဆက်

လမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ လေ့ခွက်ကြီးကျန်အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်၊ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စိတ်ဓာတ်တို့ဖြင့် ကျုံဒိုး-ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ သုံးလကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခုနစ်ကြိမ်၊ ထိတွေ့တိုက်ပွဲ ၈၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူခေါင်းဆောင်ပိုင်းအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းအပါအဝင် ရန်သူထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ အလက် ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော် သားအချို့ ထိခိုက်ကျဆုံးခဲ့ကာ ယနေ့ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီး ၎င်းတို့၏ စစ်ရေးရည်မှန်းချက်ကို တပ်မတော်က အပြီးတိုင်ရိုက်ချိုးနိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဆောင်ရွက်နေကျဖြစ်သည့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများ ပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကြားရှိ ညီညာသာလင်း တံတားနှင့် ငါးတိုင်တံတားအပါအဝင် အခြားလမ်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြဝတီမှတစ်ဆင့် အာရှလမ်းမကြီး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်ရှိနေသည့် လမ်းပိုင်းအချို့အား အမြန်ဆုံး ဆက်လက်ရှင်းလင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ကျုံဒိုး-ကော့ကရိတ်မြို့တို့၏ ဒုတိယအကြိမ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများကို တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။ **(၅၀၁)**

ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ၏ အလောင်းများကို တွေ့ရစဉ်။

KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များက လူနေအိမ်များအောက်တွင် ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

❍ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှအဆက်

အိန္ဒိယနိုင်ငံ အနောက်ဘက်လားပြည်နယ် သြရိသပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ယင်း နှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာဝတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/ဇလ)**

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ရတနာဒီပံချောင်ကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများဖြစ်သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဋ္ဌာ ကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် ရတနာစေတီဆင်များရှင်စေတီတို့၌ သာသနိကအဆောက်အအုံ အပျက်အစီးများကို ဘက်စုံပြန်လည်ပြုပြင်နေမှု၊ ရတနာဒီပံချောင်ကျောင်းတိုက်နှင့် ပထမဂန္ဓာရုံကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အုံအပျက်အစီးများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် နှစ် ၇၀၀ ပြည့် အားကစားကွင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဖယ်ရှားရှင်းလင်းနေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်မှု၊ နန်းဦးမြို့သစ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသင့်နေထိုင်ရန် တည်ဆောက်ထားသည့် Modular House များ၌ အဆင်ပြေစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဘော်ဂါရပ်နှင့် မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပါရမီရပ်ကွက်နှင့် ထုံးဘိုရပ်ကွက်တို့ရှိ နေအိမ်များ၊ ရွှေမင်းဝံရိပ်သာနှင့် မြို့တော်ခန်းမတို့၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုသပြေတန်းကျေးရွာရှိ စစ်ကိုင်းတံတား (အင်း၀)၌ တံတားအပျက်အစီးများကို ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)က တာဝန်ယူ ဆောင်ရွက်နေသော ခုံးအမှတ်(၄) နှင့် (၅) တို့၌ ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျစီမံခန့်ခွဲကာ ရေအောက်နစ်မြုပ်နေသောအပိုင်းများကို ရေပေါ်သို့ဆွဲတင်နိုင်ရန် အမြုပ်ဖော်တိုင်ကီများ ဆောင်ရွက်ပြီးစီးမှု၊ အမြုပ်ဖော်တိုင်ကီများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်ရှိ ပြည်ကြီးမျက်ရှင် အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ရောင်းဝယ်ရေးစခန်း၌ Countainer House များ တပ်ဆင်ဆောင်ရွက်နေမှု၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုသပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား (အင်း၀)၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၄

ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၁၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထူးခြားသည့် နေ့အပူချိန်များ (၂၄-၇-၂၀၂၅)

ခန္တီး	၃၇	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ပူတာအို	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုးကောင်း	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ကလေးဝ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဟုမ္မလင်း	၃၄	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနား	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်း	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၄	ဒသမ	၁	ဒီဂရီဆဲလ်စီးယပ်
ကော့သောင်း	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး	၃၃	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မော်အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို UID ခေါ် Smart Card ကွင်းဆင်း၍ အခမဲ့ပြုလုပ်ဆောင်ရွက်ပေး

မန္တလေး ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်း(ရန်မန်းလမ်းဟောင်း)နှင့် တံခွန်တိုင်အဝိုင်းအနီးရှိမျိုးသိမ်းဓမ္မာရုံတွင် ယနေ့ နံနက် ၉ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို UID ခေါ် Smart Card ကွင်းဆင်း၍ အခမဲ့ပြုလုပ်ဆောင်ရွက်ပေးရာ ပြည်ကြီးတံခွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းအောင်မျိုး၊ အဖွဲ့ဝင်(၂) ဦးသောင်းနိုင်၊ အတွင်းရေးမှူး ကိုယ်စား ဒုတိယရဲမှူးဆန်းဦး၊ ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူး ဦးအောင်သွင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သူရထွန်းနှင့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၆၅ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးက UID ခေါ် Smart Card ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို UID ခေါ် Smart Card ပြုလုပ်ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို UID ခေါ် Smart Card များပေးအပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (၀၃၉)

သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

သန်လျင်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်မင်္ဂလာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၀၉ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမို ကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေး အတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

မိုင်းဆတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် သတင်းအရ မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလုကျေးရွာအနီး၌စောင့်ဆိုင်းစဉ် မိုင်းတွမ်းကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ ဆိုင်လူး မောင်းနှင်ပြီး ကျဝေ လိုက်ပါလာသော SHN-12 1S-xxxx ISUZU အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၈၀၀၀ ကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စိတ်ကြွရူးသွပ် ဆေးပြားများကို မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာမှ မိုင်းတုံမြို့နယ်မဲကင်းကျေးရွာအနီးသို့သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရပြီး မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူထားရှိ၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒနှင့် မဟာဗျူဟာပုံဖော်လာမှုများ

နေရှား(သုတေသန)

ဂျပန်တပ်ဖွဲ့များ၏ စစ်ရေးလေ့ကျင့်ဆောင်ရွက်မှုကို တွေ့ရစဉ်။

ဂျပန်အစိုးရ၏ အဓိကတာဝန်မှာ ဂျပန်ပြည်သူများနှင့် ဂျပန်နိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ပိုင်နက်တို့ကိုကာကွယ်ရန်ဖြစ်သည်။ ဂျပန်အစိုးရသည် ဂျပန်အမျိုးသားလုံခြုံရေး၏ အဓိကအချက်လည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီး စစ်အေးကာလနည်းတူ လုံခြုံရေးအခြေအနေများ သိသိသာသာ ပြောင်းလဲလာကတည်းက ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို နှစ်ပေါင်း ၈၀ ခန့် ထိန်းသိမ်းလာခဲ့သည်။ အဓိကအားဖြင့် ဂျပန်-အမေရိကန်မဟာမိတ်ဖွဲ့မှုကို အဓိကမဏ္ဍိုင်ပြု၍ အခြားနိုင်ငံများနှင့်နက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ရေး၊ ကာကွယ်ရေးစွမ်းအားများကို မြှင့်တင်ခဲ့သည်။ ယခုအခါ ဂျပန်နိုင်ငံသည် ၎င်း၏ ကာကွယ်ရေးမူဝါဒနှင့် မဟာဗျူဟာများအတိုင်း ပုံဖော်ရန်ကြိုးပမ်းလာသည်။

ကာကွယ်ရေးမူဝါဒ

ကာကွယ်ရေးမူဝါဒသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအတိုင်းလိုက်နာပြီး ၁၉၅၇ ခုနှစ် မေလတွင် အမျိုးသားလုံခြုံရေးကောင်စီနှင့် ကက်ဘိနက်ကချမှတ်ခဲ့သော အမျိုးသားကာကွယ်ရေးအခြေခံမူဝါဒ (Basic Policy on National Defence) ကို အခြေခံထားသည်။ အမျိုးသားကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒသည် ပြည်သူလူထုအသက်မွေးဝမ်းကျောင်းမှုအတွက် တည်ငြိမ်စေခြင်းဖြင့် အမျိုးသားလုံခြုံရေးအတွက် အခြေခံအချက်ဖွဲ့စည်းမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စသည့်ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ကြိုးပမ်းမှုမြှင့်တင်ခြင်းဖြင့် စတင်ခဲ့သည်။ ထိရောက်သောကာကွယ်ရေးစွမ်းရည်များနှင့် ဂျပန်-အမေရိကန်တို့၏ အဆောက်အအုံများ တည်ဆောက်ခြင်းတို့သည် အဓိကဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒအတွက် ပထမရည်ရွယ်ချက်မှာ လက်ရှိအခြေအနေသို့ အင်အားသုံး၍ တစ်ဖက်သတ်ပြောင်းလဲမှုများကို သည်းမခံနိုင်သော လုံခြုံရေးပတ်ဝန်းကျင်ကို ပုံဖော်ရန်ဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံ၏ မဟာမိတ်၊ စိတ်တူကိုယ်တူနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်ရှိအနေအထားသို့ အင်အားသုံး၍ တစ်ဖက်သတ်ပြောင်းလဲမှုများနှင့် ဂျပန်နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်သည့်ကြိုးပမ်းမှုများကို ဟန့်တားရန်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိခိုက်စေသော ဖြစ်ရပ်မျိုးဖြစ်ပေါ်လာပါက မည်သည့်နည်းလမ်းများဖြင့်မဆို လျင်မြန်စွာတုံ့ပြန်ရန်နှင့် အခြေအနေကို အစောပိုင်းအဆင့်တွင် ထိန်းချုပ်နိုင်စေရန်ဖြစ်ပြီး နောက်ဆုံးတွင် ဂျပန်နိုင်ငံကို ကျူးကျော်မှုမဖြစ်ပေါ်စေရန်ဖြစ်သည်။ တတိယရည်ရွယ်ချက်မှာ တားဆီးမှုပျက်ကွက်ပြီး ဂျပန်အပေါ်ကျူးကျော်မှုဖြစ်ပေါ်လာပါက ကျူးကျော်မှုများကို လျင်မြန်စွာတုံ့ပြန်ရန်၊ ရန်လိုမှုကိုကိုင်တွယ်ဖြေရှင်းရန်၊ အဓိကတာဝန်ယူရန်နှင့် မဟာမိတ်နှင့် အခြားနိုင်ငံများထံမှ ပံ့ပိုးကူညီမှုရရှိနေချိန်တွင် ကျူးကျော်မှုကို နှောင့်ယှက်ချေမှုန်းရန်ဖြစ်သည်။

နျူကလီးယားနှင့် ခြိမ်းခြောက်မှုကို ဖြေရှင်းရာတွင် အမေရိကန်၏ နျူကလီးယားလက်နက်နှင့် အတူ တိုးချဲ့ထားသည့်ဟန့်တားမှုသည် မဖြစ်မနေလိုအပ်သည်။ ဂျပန်နိုင်ငံသည် အခြေအနေအားလုံးကို ပထမ၊ ဒုတိယ၊ တတိယကာကွယ်ရေးရည်ရွယ်ချက်များအောင်မြင်စေရန် ကိုယ်ပိုင်ကြိုးပမ်းမှုများနှင့် အမေရိကန်က ပံ့ပိုးပေးထားသည့် ဟန့်တားမှုနှင့် အခြားနည်းလမ်းများဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။

ကာကွယ်ရေးမဟာဗျူဟာ

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ချဉ်းကပ်ပုံနည်းလမ်းသုံးခုဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ပထမချဉ်းကပ်မှုမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်တည်ဆောက်မှုအခြေအနေကို အားကောင်းစေရေး ကြိုးပမ်းခြင်းဖြစ်ပြီး ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံတော်ကာကွယ်ရေး၏ အဓိကအချက်ဖြစ်သည့် ဂျပန်၏ ကာကွယ်ရေးစွမ်းရည်ကို အခြေခံ၍ ခိုင်မာအားကောင်းစေရန်နှင့် နိုင်ငံတစ်ခုလုံး၏ ကာကွယ်ရေးတည်ဆောက်မှုကို အားဖြည့်ရန်ဖြစ်သည်။ ဒုတိယချဉ်းကပ်မှုမှာ ဂျပန်၏မဟာမိတ် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေခြင်းဖြင့် ဂျပန်-အမေရိကန် မဟာမိတ်အဖွဲ့၏ ပူးတွဲတားဆီးရေးနှင့် တုံ့ပြန်နိုင်စွမ်းကိုပိုမိုအားဖြည့်ရန်ဖြစ်သည်။ တတိယချဉ်းကပ်မှုမှာ သဘောထားတူသော နိုင်ငံများနှင့် ဂျပန်တို့ပူးပေါင်းဆောင်ရွက်သည့် လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာအစီအစဉ်ကို ထိန်းသိမ်းရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန်ဖြစ်သည်။

လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုအဖြစ်ရှုမြင်မှုများ

၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်သည့် ဂျပန်ကာကွယ်ရေးစက္ကူဖြူစာတမ်းက ၎င်း၏ လုံခြုံရေးဝန်းကျင်ကိုဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံအနီးတစ်ဝိုက်တွင် နျူကလီးယားလက်နက်များအပါအဝင် အင်အားကြီးစစ်အင်အားများရှိသည့် နိုင်ငံနှင့် ဒေသရှိနေသည်ဟုဆိုသည်။ တရုတ်နိုင်ငံသည် ဟန့်တားမှုနှင့် သမားရိုးကျတပ်ဖွဲ့များကို ဖြည့်တင်းရန် အမြင်ဖြင့် ခေတ်မီစေရန်၊ မတူကွဲပြားစေရန်နှင့် တိုးချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိပြီး ကြည်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းမှ နျူကလီးယားပို့ဆောင်ရေး နည်းလမ်းများနှင့် နျူကလီးယားထိပ်ဖူးများ ထုတ်လုပ်မှုကိုတိုးမြှင့်ရန် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ မြောက်ကိုရီးယားသည် ၎င်း၏နျူကလီးယား အဟန့်အတားနှင့် အမေရိကန်၏ ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် နျူကလီးယားလက်နက်များ အပါအဝင် နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်လျက်ရှိသည်။ ထို့ပြင် မြောက်ကိုရီးယားသည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပေါ်လာနိုင်သည့် အမေရိကန်နှင့် တောင်ကိုရီးယားတပ်များနှင့် လက်နက်ကိုင်ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတကာရပ်တည်မှုကို သေချာစေရန်နှင့် ၎င်း၏နျူကလီးယားတပ်ဖွဲ့များကို အမေရိကန်နိုင်ငံနှင့် ဟန်ချက်ညီစေရန်ထိန်းညှိပေးသည့်အပြင် သမားရိုးကျတပ်ဖွဲ့များ၏လိုအပ်မှုအတွက် ကာမိစေရန် နျူကလီးယားတပ်ဖွဲ့များ၏ အရေးပါမှုကိုလည်း ဂျပန်ကာကွယ်ရေးစက္ကူဖြူစာတမ်းက ဖော်ပြထားသည်။ ရုရှားနိုင်ငံသည် သမားရိုးကျ သို့မဟုတ် မဟာဗျူဟာမြောက် နျူကလီးယားထိပ်ဖူးများ သယ်ဆောင်နိုင်စွမ်းမရှိသော Kalibr ခရုဇ်ဒုံးကျည်စနစ်တပ်ဆင်ထားသည့် ရေတပ်သင်္ဘောများကို နိုင်ငံ၏အရှေ့ဖျားဒေသတွင် တပ်ဖြန့်ချထားခြင်း လုပ်ဆောင်လျက်ရှိသည်။ ဤနည်းဖြင့် ဂျပန်နိုင်ငံတစ်ဝိုက်ရှိ နျူကလီးယားတပ်ဖွဲ့များ ဆက်လက်တိုးမြင့်လာကာ နျူကလီးယားလက်နက်များ ပေးပို့ရာတွင် အသုံးပြုနိုင်သည့် ဒုံးကျည်တပ်ဖွဲ့များသည် အရည်အသွေးနှင့် အရေအတွက် သိသိသာသာတိုးလာခြင်းကြောင့် ဂျပန်နိုင်ငံအပေါ် ဒုံးကျည်တိုက်ခိုက်မှုများသည် အမှန်တကယ် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟု ဂျပန်ကာကွယ်ရေးစက္ကူဖြူစာတမ်းကဆိုထားသည်။

ဂျပန်၏လှုပ်ရှားမှု

ထိုသို့သောအခြေအနေမျိုးတွင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၏ဒုံးကျည်ကာကွယ်ရေးစွမ်းရည်နှင့် အရေအတွက်ကို အဆက်မပြတ်အားကောင်းစေရန် လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ဂျပန်နိုင်ငံသည် ဒုံးကျည်ကာကွယ်ရေး နည်းလမ်းများကိုသာ ဆက်လက် အားကိုးနေပါက ရှိပြီးသား ဒုံးကျည်ကာကွယ်ရေး ကွန်ရက်တစ်ခုတည်းဖြင့် ခြိမ်းခြောက်မှုများကို အပြည့်အဝတုံ့ပြန်ရန် ပိုမိုခက်ခဲလာမည်ဖြစ်သည်။ ထို့ကြောင့် ရန်သူ၏ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းတွင် အခြားမည်သည့်နည်းလမ်းမျှမရနိုင်သည့် အခြေအနေမျိုးတွင် ရှောင်လွှဲ၍မရသောကြောင့် ရန်သူ၏တိုက်ခိုက်မှုများကို တားဆီးကာကွယ်ရန် ဒုံးကျည်ကာကွယ်ရေး ကွန်ရက်ကို အသုံးပြုမည်ဖြစ်သည်။

ထို့ပြင် ပထမအဆင့်၌ လာမည့် ငါးနှစ်အတွင်း ဂျပန်၏ စစ်လက်နက်ပစ္စည်းများကို အများဆုံး အသုံးပြုမည်ဖြစ်ပြီး စစ်ဆင်ရေးအမြန်နှုန်း၊ လုံလောက်သည့်ခဲယမ်းနှင့် လောင်စာတို့ကို တိုးတက်ကောင်းမွန်စေကာ ပိုမိုကောင်းမွန်သည့် ယုံကြည်စိတ်ချရမှုအတွက် ကာကွယ်ရေးကဏ္ဍများကို ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်မည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အနာဂတ်စစ်ဆင်ရေးအတွက် အဓိကကျသည့် စွမ်းရည်များကိုခိုင်မာအားကောင်းစေမည်ဖြစ်သည်။ ဤကာကွယ်ရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်သုံးသပ်ပြီး ဂျပန်နိုင်ငံပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည့် လုံခြုံရေးဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် ဂျပန်သည် ကိုယ်ပိုင်ကာကွယ်ရေး စွမ်းရည်မြှင့်တင်ရေးနည်းတူ ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ စုပေါင်းကာကွယ်ရေးစွမ်းအား မြှင့်တင်ရန် ရည်ရွယ်လျက်ရှိသည်။ ဂျပန်ဝန်ကြီးချုပ် ရှိဂဲရုအီရှီဘာသည် အာရှတွင် NATO ပုံစံစစ်ရေး မဟာမိတ်အဖွဲ့ကိုဖွဲ့စည်းရန် အဆိုပြုခဲ့သော်လည်း ၎င်းအဆိုပြုချက်အပေါ် ပြည်တွင်းနှင့်နိုင်ငံတကာ၏ သံသယရှိမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်ကို တွေ့ရှိရသည်။ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့လုံခြုံရေးဝန်းကျင်များကြောင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မည်သည့်နိုင်ငံမဆို နိုင်ငံတကာဥပဒေက ခွင့်ပြုထားသည့်မူဘောင်အတွင်း ကာကွယ်ရေးစွမ်းအားတည်ဆောက်ခွင့်ရှိသော်လည်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒနှင့် အတူ တည်ဆောက်လာမည့် စစ်ရေးစွမ်းအားများသည် ဒေသတွင်းအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

❖ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၏ဒုံးကျည်ကာကွယ်ရေးစွမ်းရည်နှင့် အရေအတွက်ကို အဆက်မပြတ်အားကောင်းစေရန် လုပ်ဆောင်လျက်ရှိသည်။ သို့ရာတွင် ဂျပန်နိုင်ငံသည် ဒုံးကျည်ကာကွယ်ရေးနည်းလမ်းများကိုသာ ဆက်လက်အားကိုးနေပါက ရှိပြီးသားဒုံးကျည်ကာကွယ်ရေး ကွန်ရက်တစ်ခုတည်းဖြင့် ခြိမ်းခြောက်မှုများကို အပြည့်အဝတုံ့ပြန်ရန် ပိုမိုခက်ခဲလာမည်ဖြစ်သည်။ ❖

ကိုးကား

(1) Japan Defense White Paper 2024, Ministry of Defence, Japan

(2) National Defence Strategy of Japan, Ministry of Defence, Japan, December 16, 2022

ဝတ္ထုတိုကဏ္ဍ

မိုးမြေအနှံ့ရှိနေမှာပါလေ

ကျွန်းစဉ်မြေစောခက်

(၁)

နှင်းရိုင်းခသည့် ဟေမန္တကာလမို့ ရိုးမရိပ် အောက်က ကြာအင်းတောင်ရွာကလေးမှာ ဆောင်းဝတ်ရုံ မြူနှင်းများ ဖွဲ့သိုင်းခြုံလျက်ရှိ၏။ သို့သော် နှင်းခွဲနေက လောကရင်ပြင်အား ခေါင်းပြူကြည့် နေပြီဖြစ်ရာ နှင်းပဝါခြုံလွှာများ တဖြည်းဖြည်း ပါးလွှာစပြုလာခဲ့ပေပြီ။

"မဇံနုရေ မင်း သမီးလေးကအရွယ်ရောက်ပြီ ဝတ်ချင်နေပြီ စားချင်နေပြီ ဒါပဲ ပြောနေတယ်"

"ဟုတ်တယ်လေ။ ကိုအောင်ဘကလဲ။ အဖျိုဖော်ဝင်လာတော့ အလှပန်း ပွင့်လာတာလေ တော်တော်ချောတာ"

"ငါက အဲဒါပြောတာမဟုတ်ဘူး သမီးလေးက ခု ရှစ်တန်းရောက်နေပြီလေ။ ကျောင်းအုပ်ဆရာမကြီး ကလဲပြောတယ်။ မနှင်းဇံဖြူက စာတော်တယ်တဲ့။ အတန်းစဉ်တိုင်းမှာလဲ ပထမ၊ ဒုတိယ၊ တတိယ ဆိုတဲ့အဆင့်တွေနဲ့ တက်လာတာတဲ့။ ဒါကြောင့် သမီးလေး ရှစ်တန်းအောင်ပြီးရင် မြို့ပို့ဖို့ ပြောနေတယ်"

"တို့ကလဲ ဆင်းရဲသနဲ့။ ဝင်ငွေကလဲမရှိ။ ဘယ်လိုလုပ်ပြီး မြို့ပို့နိုင်မှာလဲရှင်"

"သိပ်လည်းစိတ်မပူပါနဲ့ မိန်းမရယ်။ တို့မနှစ်က စိုက်ပျိုးထားတဲ့ငှက်ပျော၊ သင်္ဘော၊ နာနတ်တွေ သီးစပြုနေပြီ နောက်နှစ်ဆို မြို့သွားရောင်းလို့တောင် ရတော့မှာ"

"ဟုတ်တယ်နော် စိုက်ထားတာ နှစ်နှစ် လောက်ရှိပြီဆိုတော့ အသီးသီးဖို့ အားယူနေကြပြီ သိလား"

"ဟုတ်တယ်ဟ။ ကိုင်းထဲက အသီးတွေပေါ်လို့ ဝင်ငွေတွေကောင်းလာရင် သမီးလေးကို မြို့ပို့ပြီး ကျောင်းဆက်ထားနိုင်တော့မယ်ကွ"

"ဒါကြောင့်ပြောတာပေါ့ရှင်။ ဘဝမှာ အဆိုးဘက် ချည်းလျှောက်တွေးလို့မရဘူး။ ကောင်းကွက်ကိုရှာပြီး ရှေ့ဆက်ရမဲ့ခရီး ဆက်လျှောက်ကြရမှာလေ"

ရိုးမတောင်ခြေ တောလမ်းကလေးထဲမှာ ဘဝတူ ရုန်းကန်ဖက် လင်မယားနှစ်ဦး၏ ရင်တွင်းစကားသံက သာယာလှပါဘိတောင်း။

(၂)

မြန်မာသက္ကရာဇ်တစ်ခု၏ သင်္ကြန်အလွန် နှစ်ဆန်း ၂ ရက်နေ့သည် မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းအားလုံး၏ အောင်စာရင်းများထွက်သော နေ့ပေတည်း။ မြေပုံမြို့နယ် ကြာအင်းတောင် အခြေခံပညာ အလယ်တန်း ကျောင်းက ရှစ်တန်းကျောင်းသူ မနှင်းဇံဖြူမှာလည်း ကြိုးစားမှုနှင့်ရလဒ် သဟဇာတကျလို့ ပျော်ခဲ့ရသည်လေ။ မနှင်းဇံဖြူ ဘာသာစုံဂုဏ်ထူး ရခဲ့လေပြီ။ ကိုအောင်ဘနှင့် မဇံနုတို့မှာ သမီးလေးအတွက် ဂုဏ်ယူမဆုံး။

"အဖေ့သမီးလေး တော်လိုက်တာ" ဆိုပြီး အဖေဖြစ်သူက သမီးလက်ကလေး ကိုင်လှုပ်ပြီး ရယ်ကျဲကျဲမျက်နှာပေးနှင့် အားရဝမ်းသာ ပြောနေသလို အမေဖြစ်သူ ဇံနုကလည်း-

"အမေ့သမီးလေး တော်လိုက်တာကွယ်" လို့ ရင်ထဲက မေတ္တာသံလှိုင်လှိုင်နှင့် သမီးလေးကို ဖက်ထားရှာသည်။

ကိုအောင်ဘနှင့် မဇံနုတို့မှာ သာမန်တောသူ တောင်သားတွေသာ ဖြစ်သည်။ ရွာပြင်ကွင်းစပ် မဖြစ်စလောက် လယ်ကလေးတစ်ကွက် အလျှဉ်မီရုံ ရပ်တည်ကြရရှာသည်။ သမီးကလေး အထက်တန်း ပညာကို သင်ယူနိုင်ဖို့အတွက် မြို့ကြီးပြကြီး ရင်းရင်းနှီးနှီးဆွေမျိုး အသိမိတ်ဆွေ ဟူ၍မရှိကြ။ သူတို့လင်မယား အခါခါစဉ်းစားပြီး ကိုယ့်မြေ ကိုယ့်နယ် မြေပုံမြို့သို့ပို့ရန်သာ ဆန္ဒတူညီဖြစ်သွားကြတော့သည်။

သင်္ကြန်အလွန် ရာသီကောင်း နေ့တစ်နေ့ရဲ့ မနက်လင်း အရုဏ်တက်ချိန်ကပင် ကိုအောင်ဘ ရွာချောင်းကြီးက လှေလှော်ထွက်လိုက်သည်။ မင်းပြား မြို့နယ် လေးမြို့မြစ် (ရာမောင်မြစ်)မှ စီးဆင်းနေသော မင်းကြောင်းရေလယ်ကြောင်းသို့ ရောက်ချိန်တွင် စုန်လေ(ရခိုင်ရိုးမဘက်မှ ပင်လယ်ပြင်သို့စုန်ဆင်း တိုက်ခတ်နေသောလေ)က မိတ်ဖွဲ့လာသဖြင့် တိုင်ကပ်ရွက်ကလေးထူပြီး ရွက်လွှင့်ခွင့်ရခဲ့ပေရာ ကိုအောင်ဘ ကျေနပ်သလိုဖြစ်သွားသည်။ စုန်လေ ပါလို့ လေသင့်ရာရွက်လွှင့်လာခဲ့ပေပြီ။ မြေပုံမြို့အနီး စီးဆင်းနေသော သဲကြမ်းမြစ်ကို အရောက်တွင် လေကြောင်းသင့်မှုပိုထိရောက်လာသဖြင့် လှေမှာ ပိုပြီး ပြေးအားကောင်းသလိုရှိသည်။ မြေပုံမြို့သို့ မွန်းလွဲချိန်လောက်တွင် ကိုအောင်ဘ ရောက်ခဲ့သည်။ မြစ်ကမ်းစပ်တွင် လှေကိုကြိုးချည်ပြီး မြို့ထဲသို့ လျှောက်သွားလိုက်သည်။ သဲတန်းရပ်ကွက် တစ်ရာတန်ကန်အနီးရှိ ခြံဝင်းတစ်ခုအတွင်း အိမ်သေးသေးလေးတစ်လုံးရှေ့ အရောက်တွင် ကိုအောင်ဘတစ်ချက်ရပ်ပြီး ခြံဝင်းထဲသို့ လှမ်းဝင်လိုက်၏။

"ဦးလေးရေ နေကောင်းပါရဲ့လား"

"နေကောင်းတယ်"

ကိုအောင်ဘ အမေးကို အိမ်ရှင်အဘိုးကြီးက ခပ်တိုတိုပဲ ဖြေသည်။

"ဒီမှာ ဦးတို့အတွက် ခြံထွက်ငှက်ပျောခိုင်လေး ယူလာပါတယ်။ ပင်မှည့်ပဲ အရမ်းချိုတယ်"

ကိုအောင်ဘသည် ငှက်ပျောခိုင်ကို အိမ်ရှေ့ခန်း ကလေးမှာချရင်း အိမ်ရှင်အဘိုးကြီး အနီးတွင် ဝင်ထိုင်လိုက်သည်။

"ဦးလေးရေ ကျွန်တော်အောင်ဘပါ။ ကြာအင်း တောင်ကပဲ။ လွှဆရာ ဦးအောင်ဒေါင်းရဲ့ သားပါ"

"သြော် အောင်ဒေါင်းရဲ့သားလား ထိုင်လေ။ အောင်ဒေါင်းလဲ ဆုံးပြီကြားတယ်"

"ဟုတ်ကဲ့ အဖေဆုံးတာ ငါးနှစ်တောင်ရှိပါပြီ"

"အေး ဟုတ်ပြီ။ ခု ဘာကိစ္စနဲ့ လာတာလဲ"

"ပြောရမှာလဲ အားနာတယ်ဗျာ"

"ပြောလေ ရတယ် ကိုယ့်အရပ်သားတွေပဲ"

အိမ်ရှင်အဘိုးကြီးမှာ ထိုင်ခုံတိုလေးတစ်လုံး ဖြစ်မြောက်ရေးအတွက် တဒေါက်ဒေါက် သံရိုက်ရင်း ဧည့်ခံ စကားပြောနေရှာ၏။

"ရော့ ရေနွေးသောက်ပါအုံး"

အိမ်ရှင်အဘိုးကြီးက ဓာတ်ဘူးနှင့် ရေနွေးခွက် ကလေးကို အောင်ဘရှေ့တိုးပေးလိုက်၏။

အဘိုးကြီးမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက် ကြာအင်းတောင်ရွာမှ မြေပုံမြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ တောက်တိုမည်ရ လက်သမားအလုပ်ကလေးဖြင့် အဘိုးအဘွား လင်မယား ဘဝရပ်တည်မှုကလေးကို ခက်ခက်ခဲခဲ ရုန်းကန်နေကြရှာသည်။

"ဒီလိုပါ ဘကြီးရေ ကျွန်တော့်မှာ သမီးလေး တစ်ယောက်ရှိပါတယ်။ အဲဒါ ဒီနှစ်ရှစ်တန်းမှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ပါတယ်"

အောင်ဘစကားအဆုံးမှာ လက်သမားဆရာ အဘိုးအိုက အောင်ဘကို တစ်ချက်ကြည့်ပြီး သူ့အလုပ်ကို ဆက်လုပ်သည်။

"အဲဒါ ကျောင်းအုပ်ဆရာမကြီးကလဲ ကျောင်း ဆက်ထားဖို့ တိုက်တွန်းတယ်။ သမီးလေးကလဲ ကျောင်းဆက်မနေရရင် မဖြစ်ဘူးဆိုတဲ့ အနေအထား ပါ။ ကျွန်တော်တို့မိဘတွေကလဲ ပညာရေးအလား အလာကောင်းတဲ့သမီးလေးကို ကျောင်းဆက်ထား ချင်ကြပါတယ်။ ဒါကြောင့် ဘကြီးတို့ဆီ ကျွန်တော် လာခဲ့တာပဲ"

"ဟော အဘွားကြီး လာပြီ"

လက်သမားဆရာ အဘိုးကြီးပြောလို့ ခြံလမ်းဝ ဘက်ကို လှမ်းကြည့်လိုက်စဉ် စျေးခံတောင်း ခေါင်းရွက်ပြီး ဝင်လာတဲ့အဘွားကြီးကို မြင်လိုက် ရသည်။ အဘွားကြီးမှာ စျေးသို့သွားပြီး ဟင်းသီးဟင်း ရွက်ရောင်းနေသူမှန်း အောင်ဘ သတိပြုမိလိုက်သည်။

"ဧည့်သည် ရောက်နေတာလား"

"ဟုတ်တယ်ကွယ်။ တို့ ကြာအင်းတောင်က အောင်ဒေါင်းရဲ့သား အောင်ဘတဲ့ကွယ်။ အဲဒါ သူ့သမီးလေးကို ဒီမြို့က အထက်တန်းကျောင်းမှာ ကျောင်းတက်ဖို့ တို့အိမ်မှာ ထားချင်လို့တဲ့ကွယ်"

စျေးသည် အဘွားကြီးက စျေးခံတောင်းကိုချပြီး ခေါင်းခုအနွမ်းကလေးနှင့် နဖူးနဲ့ပါးမှာစီးကျနေတဲ့ ချွေးတွေကို သုတ်ပစ်လိုက်သည်။

"ရွာနဲ့အဆက်အသွယ်ပြတ်နေတာလဲ ကြာနေပြီ ဆိုတော့ အိမ်နီးနားနေခဲ့တဲ့ သူတွေကိုတောင် မမှတ်မိတော့ဘူး"

အောင်ဘမှာ အိမ်ရှင်အဘွားဆီက နောက်ထပ် ထွက်ကျလာမည့် စကားလုံးများကိုသာ မျှော်လင့် ချက်ကြီးစွာဖြင့် စောင့်နေမိသည်။

"အေးကွယ်။ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်အိမ်နီး နားနေခဲ့ကြတဲ့ မိသားစုချင်းတွေပဲ လက်ခံသင့် တာပေါ့နော်"

ပါးရေနားရေတွန့်ပြီး တလှုပ်လှုပ်ဖြစ်နေသော နှုတ်ခမ်းလျှာ့တွဲတွဲနှင့် မောမောပန်းပန်း ပြောနေ သော အဘွားရဲ့စကားကို အောင်ဘစိုးထိတ်စွာ နားထောင်နေမိသည်။

"ငါ့သမီးလေးကို လက်ခံဖြစ်ပါစေ"ဆိုသော အာရုံပြုမှုသည် ရင်ထဲမှာဆူဝေနေပေသည်။

"ပြောရရင် အဘွားတို့ဘဝက ဆင်းရဲတယ်။ ကျောင်းသူ မိန်းကလေးတစ်ယောက်ကို လက်ခံဖို့ ဆိုတာ မလွယ်ဘူးကွယ်။ သားကိုလဲ အားနာတယ်။ သနားလဲသနားတယ်။ အဘွားတို့က မတတ်နိုင် လို့ပါနော်။ ဒီမှာလဲ သားမြင်တဲ့အတိုင်းပဲ။ အဘိုးကြီး က လက်သမားအလုပ်ကလေး မတောက်တခေါက်နဲ့ တစ်နိုင်လေး လုပ်ရောင်းတယ်။ အဘွားက ဟင်းသီး ဟင်းရွက် စျေးသည်ပေါ့နော်။ တစ်ခါတလေတော့ ခြံဝင်းထဲက အုန်းသီးခူးရောင်း၊ ငှက်ပျောခိုင် ခုတ် ရောင်းတာတွေလဲ ရှိတာပေါ့ကွယ်"

အိမ်ခြံဝင်းပတ်ဝန်းကျင်အတွင်း တဒင်္ဂြိမ် သက်သွားသည်။

" ဟုတ်ပါတယ် အဘိုးနဲ့အဘွားရယ်။ ကျွန်တော် အဘိုးနဲ့အဘွားကို ကိုယ်ချင်းစာပါတယ်။ ကျွန်တော့် သမီးကို လက်မခံနိုင်လို့ ကျွန်တော်စိတ်မဆိုးပါဘူး။ အပြစ်လဲမတင်ပါဘူး။ လူတိုင်းမှာ အခက်အခဲကိုယ်စီ ရှိကြတာပဲ အဘွားရယ်"

"အဲလိုဆို ကျွန်တော့်ကို ခွင့်ပြုပါအုံး"

အောင်ဘသည် အိမ်ရှင် အဘိုးနှင့်အဘွားကို လက်အုပ်ချီမိုး ရှိခိုးကန်တော့လိုက်သည်။

"သား ထမင်းစားသွားအုံးလေ။ အဘွားချက် လိုက်မယ် မကြာပါဘူး"

"နေပါစေ အဘွားရယ်။ သား ခုပဲပြန်လိုက်တော့ မယ်။ ပင်လယ်လေတိုက်နေပြီ ရွက်လွှင့်ပြန်လို့ အဆင်ပြေပါတယ်။ ရွာရောက်ရင် သမီးအတွက် ရန်ကုန်ကားနဲ့ လိုက်သွားတန် လိုက်သွားရမယ်။ ကျောင်းဖွင့်အမီ သမီးကျောင်းနေရေး အဆင်ပြေဖို့က အရေးကြီးနေတယ် အဘွားရယ်"

"ထမင်းဟင်းမစားဘဲ သွားလို့ဖြစ်ပါ့မလား သားရယ်"

"ရပါတယ်အဘွား ရေတက်မီဖို့လိုပါသေးတယ်။ မုန့်တီဆိုင်မှာ ရခိုင်မုန့်တီ ဝင်စားသွားလိုက်မယ်"

"သြော် အေးအေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အစစအရာရာ အဆင်ပြေပါစေ၊ သမီးလေးလဲ ပညာရေးတိုးတက်ပြီး ပညာတတ်ကျောင်းဆရာမကြီး ဖြစ်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

အောင်ဘသည် အဘိုးအဘွားတို့ခြံဝင်းထဲက အလျင်စလိုထွက်လာပြီး ရခိုင်မုန့်တီဆိုင်တစ်ဆိုင်ကို အရောက်အတွင် အစပ်သုပ်တစ်ခွက်၊ အချိုသုပ် တစ်ခွက်၊ ဟင်းရည်နှင့်တစ်ခွက် သုံးခွက်တိတိစားပစ် လိုက်သည်။ ဗိုက်ထဲက ဆာလောင်မှုကို ဖြည့်ဆည်း လိုက်သဖြင့် နေသာထိုင်သာရှိပြီးပေါ့ပါးသွားသည်။

လှေဆိပ်ကိုအရောက်မှာ လှေကိုကြိုးဖြည်ပြီး ရေသင့်လေသင့်ခံကာ ရွက်ဖွင့်ပြီး မြစ်ရေစီးမှာခရီးနှင်ခဲ့ လေပြီ။ ရွာသို့ရောက်လိုစိတ်က ပြင်းပြနေပေရာ ရေစုန်လေစုန်လိုက်ပြီး ရွက်လွှင့်သွားနေသည်ကိုပင်

စာမျက်နှာ ၂၅ သို့ ➤

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၄၂၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဝက်လက် ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၄၂၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၂၆၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲဧက ၅၉၈၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ညောင်တုန်းမြို့နယ် အရွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်တုန်း ဇူလိုင် ၂၄

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရွဲ့ကျေးရွာအုပ်စု အရွဲ့ကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အရွဲ့ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တေဇာလင်း

➢ စာမျက်နှာ ၂၄ မှအဆက်

အားမရနိုင်ဘဲ လှော်တက်ကို လက်မောင်းအားသွင်းကာ တစ်ချီတစ်ချီ ဖိလှော်ပစ်လိုက်သေးသည်။ လက်ဝဲလက်ယာ ဒီရေရောက် တောတန်းများနှင့် ဓနိခင်းများမှာ အောင်ဘ၏လှေအပြေးနောက်တွင် ချာလပတ်လည်ကာ ကျန်ခဲ့ကြပေ၏။

နေဝင်မိုးချုပ် ကလေးအိပ်ချိန်လောက်တွင် အောင်ဘ ကိုယ့်ရွာကြာအင်းတောင်သို့ ရောက်ခဲ့ပြန်လေပြီ။ အိမ်ကို အရောက်မှာ ရေမိုးချိုးထမင်းစားပြီချိန်တွင် ဇနီးသည် မဇံနုကို အိမ်ရှေ့ခန်းသို့ခေါ်ပြီး တိုးတိုးလေးပြောရှာသည်။

"အဘိုးအဘွားလင်မယားနဲ့ အဆင်မပြေဘူးကွယ်။ သူတို့တွေ အိုစာနေကြပြီး ဆင်းလည်းဆင်းရဲတယ်။ သမီးလေးကို လက်မခံနိုင်ကြောင်း ပြောပြကြတယ်။ သနားဖို့ကောင်းပါတယ်"

"အဲလိုဆို ဘယ်လိုလုပ်မလဲဟင်"

"ငါ မနက်ဖြန်မနက် စစ်တွေကလာတဲ့ ရန်ကုန်ပြန်ကားနဲ့ ဒီကိုယ့်ရွာ ကားဂိတ်က လိုက်သွားမယ်ကွာ"

"ဘာလုပ်မှာမို့လဲ"

"ဒီလိုလေကွယ်။ ရန်ကုန်မှာ တို့ရွာသူ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒ စာရီဆိုတာရှိတယ်။ မင်းသိတယ်မဟုတ်လား။ အေးမြသီတာ သီလရှင်စာသင်တိုက်ဆိုပြီး တည်ထောင်ထားတာရှိတယ်။ အဲဒီကိုသွားပြီး သမီးလေးကိုလက်ခံဖို့ လျှောက်ထားမယ်ကွာ"

"သီလရှင်ဆရာကြီး ကျောင်းလိပ်စာလည်း ရွာကဆရာတော် ဦးဇဝနပြောပြထားလို့သိတယ်။ တောင်ဥက္ကလာပမြို့(၅)ရပ်ကွက် ပင်းယလမ်းမှာတဲ့ ငါမှတ်မိတယ်"

"အောင်အောင်မြင်မြင် ရှိပါစေရှင်"

ဇနီးသည် မဇံနုဖြူ တိုးတိုးလေးပဲ ဆုတောင်းပေးရှာသည်။ ရန်ကုန်-စစ်တွေ အဝေးပြေးယာဉ်လိုင်းသည် ရန်ကုန်မှထွက်လာပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကိုကျော်ဖြတ်ပြီး ရခိုင်ရိုးမ အမ်းတောင်ကြားလမ်းမှတစ်ဆင့် အမ်းမြို့နယ်၊ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် တို့၌ရပ်နားပြီး စစ်တွေမြို့တွင် လမ်းဆုံးသည်။

မြေပုံမြို့မှာ ပင်လယ်ရေပြင်ထဲရှိ ကျွန်းလွတ်ကြီးတွင် တည်ထားသောမြို့ဖြစ်ပြီး အခြားမြို့ရွာများနှင့်လည်း ကုန်းလမ်းခရီး အဆက်အသွယ် တစ်စုံတစ်ရာမရှိသဖြင့် ကားလမ်းမပေါက်ပေ။ သို့သော် မြေပုံမြို့နယ်အတွင်း ပါဝင်သော ရခိုင်ရိုးမတောင်ခြေရှိ ကြာအင်းတောင်ရွာကတော့ ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းမပေါ်တွင်တည်ရှိသဖြင့် ကားဂိတ်ရှိသည်။ သို့ဖြစ်၍ မြေပုံမြို့နယ် မြောက်ဘက်ပိုင်းတောင်စဉ်ကမ်းတွင် နေထိုင်ကြသူများ ရန်ကုန်သို့ ကားဖြင့်သွားလိုလျှင် ကြာအင်းတောင်ဂိတ်မှတစ်ဆင့်သာ သွားလာလေ့ရှိကြသည်။ မြေပုံမြို့နယ် တောင်ဘက်ပိုင်း ကျွန်းစဉ်ကမ်းတွင် နေထိုင်ကြသူများကတော့ အမ်းမြို့နယ် ကဇုကိုင်းဂိတ်မှတစ်ဆင့် သွားကြလာကြရသည်။ ရန်ကုန်-စစ်တွေ ကားလမ်းပေါက်သွားခြင်းကြောင့် တောင်ချိုင်တောင်ကြား ဝေးလံခေါင်သီသောအရပ်များတွင် နေထိုင်ကြသူများပင် ရန်ကုန်မြို့ကြီးသို့ကားစီး၍ သွားလာနိုင်ကြပေပြီ။ ကျေးဇူးတရားမှာကား အံ့မဆုံးပေတည်း။

ဆက်လက်ဖော်ပြပါမည်။

ရိုးသားဖြူစင် လူချစ်ခင်

- လောကတစ်ခွင် လူငယ်များ
ရိုးသားကြ ဖြူစင်ကွယ်၊
မကောင်းတာ ဟူသမျှ
ရှောင်ရှားကြမယ်၊
လူအချင်းချင်း ချစ်ကြည်ကွယ်
ကိုယ်ချင်းစာရယ် လူတိုင်းထား၊
အေးချမ်းသော အနာဂတ်လမ်း
လျှောက်လှမ်းစေသား။

- အရက် ဆေးလိပ် မူးယစ်ဆေးဝါး
ရှောင်ရှားကြ လူငယ်တွေ၊
ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်
ဝါးမျက်ဖြစ်ပေ၊
ရုပ်အဆင်း ပျက်ယွင်းနေ
ယုံကြည်မှုတွေ လွန်နည်းပါး၊
ကိုယ့်လမ်းကို ကိုယ်သာဖောက်လို့
လျှောက်ရမည်သား။

- သက်ကြီးရွယ်အို အဘိုးအဘွား
အမျိုးသမီးများ ကလေးငယ်တွေ၊
တွေ့မြင်လျှင် ကူညီထား
အားကိုးပါရစေ၊
အရာရာတွင်ကျယ် တို့လူငယ်ပေ
ရပ်ရွာအရေးတွေ ဝိုင်းစုပေါင်း၊
လူငယ့်အားမာန် ညီညာရုန်း
စည်းလုံးစေကြောင်း။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

မိုင်းယန်းမြို့နယ် ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း ဇူလိုင် ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက် ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ရှစ်ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

အောင်ရဲကျော်

မေတ္တာခမ်းတန် ဓမ္မဗိမာန်

ခရီးသွားဆောင်းပါး

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ ထမ်းစန်းဂူကို လေ့လာပြီးကြတာနဲ့ ဂူအရှေ့လမ်းတစ်ဖက်မှာရှိနေတဲ့ ထမင်းစားဆောင်တွေ၊ ဈေးဆိုင်တန်းတွေရှိရာကို ထွက်လာခဲ့ကြတယ်။ ဒီနေရာက ကျယ်ဝန်းပြီး ကွင်းပြင်ကြီးတစ်ခုလို ဖြစ်နေတဲ့အပြင် ဘေးပတ်လည်မှာ ထမင်းစားဆောင်တွေ၊ ဈေးဆိုင်တွေက ဝန်းရံတည်ရှိနေကြတယ်။ အလယ်ဗဟိုကွက်လပ်ကြီးကိုတော့ ယာဉ်ရပ်နားကွင်းအဖြစ် သတ်မှတ်ပေးထားတယ်။

မိမိတို့အဖွဲ့ ခရီးဖော်တွေက မကြာခင်ကမှ နေ့လယ်စာထမင်းကို စားသောက်ခဲ့ကြပြီး ဖြစ်နေပေမဲ့ ထမ်းစန်းဂူကိုရောက်တုန်းရောက်ခိုက် ဗဟုသုတအတွေ့အကြုံတွေကို ရရှိခံစားကြရအောင် ထမင်းစားဆောင်အတွင်းဝင်ပြီး ထမင်းစားသောက်လိုက်ကြတယ်။ ထမင်းဟင်းတွေက ကုသိုလ်ဖြစ်အခမဲ့ကျွေးနေတာဖြစ်ပြီး ထမင်းဟင်းတွေကို ကိုယ်တိုင်ယူ၊ ကိုယ်တိုင်စား၊ ကိုယ်တိုင်ပြန်ထားစနစ်နဲ့ပါ။ ထမင်းစားဆောင်ထဲကို ရောက်ရောက်ချင်း ထမင်းပန်းကန်အလွတ်တစ်ချပ်နဲ့ ဇွန်းကိုယူပြီး ထမင်းသွားထည့်ကြရတယ်။ မိမိတို့အလိုရှိသလောက် ထည့်ယူစားနိုင်ကြပါတယ်။ ထမင်းယူပြီးတာနဲ့ ဟင်းအိုးတွေရှိရာကို သွားပြီး နှစ်သက်သလို ထည့်ယူစားသုံးနိုင်ခွင့်ပေးထားပြန်တယ်။ မိမိတို့ရောက်ရှိသွားတဲ့အချိန်မှာ တွေ့မြင်နေရတဲ့ဟင်းတွေက ဟင်းရွက်စုံကြော်တစ်မျိုး၊ ငရုတ်သီးဗာလချောင်ကြော်တစ်မျိုးနဲ့ ဟင်းရည်သောက်တစ်မျိုးပါ။ ဟင်းရည်ကိုကုလားပဲ၊ ပိန္နဲကွင်းတွေနဲ့ချက်ထားတယ်။ ထမင်းဟင်းတွေကို ကြိုက်နှစ်သက်သလို ယူဆောင်ပြီးကြတာနဲ့ မိမိတို့သင့်တော်ရာစားပွဲ၊ ကုလားထိုင်တွေမှာ သွားရောက်စားသောက်နိုင်ကြပါပြီ။ စားသောက်နေကြသူ တချို့က ထမင်းစားဆောင်အရှေ့၊ ဈေးဆိုင်တန်းတွေမှာ ရောင်းချနေတဲ့ တိုဟူးကြော်၊ တိုဟူးသုပ်တွေ ဝယ်ယူတွဲဖက်စားသောက်နေကြတာကိုလဲ တွေ့မြင်နေရတယ်။ ထမ်းစန်းဂူဈေးတန်းက တိုဟူးကြော်၊ တိုဟူးသုပ်ဟာနာမည်ကြီးပါတယ်။

မိမိတို့ထမင်းစားတယ်ဆိုတာက ဆာလောင်နေကြလို့မဟုတ်ဘဲ အတွေ့အကြုံအဖြစ် စားသောက်ခဲ့ကြတာကြောင့် မြန်မြန်စား၊ မြန်မြန်ပြန်ခဲ့ကြပြီး ဈေးဆိုင်တန်းတွေမှာ ဆက်လက်လေ့လာကြည့်ရှုကြတယ်။ ဒုါပြင် အိမ်အပြန်လက်ဆောင်အဖြစ် သင့်တင့်တဲ့ ကောင်းနိုးရာရာပစ္စည်းတွေကို ဝယ်ယူကြရအုံးမှာပါ။ ခရီးဖော်တွေအားလုံးက အိမ်မှာကျန်ရစ်နေကြတဲ့ သားတွေ၊ သမီးတွေ၊ တူတွေ၊ တူမတွေ၊ မြေးမြစ်တွေအတွက် ထမ်းစန်းဂူရောက်အမှတ်တရ အင်္ကျီတွေနဲ့ ရှမ်းအင်္ကျီ၊ ရှမ်းလုံချည်တွေကို ဝယ်ယူကြပါတယ်။ လိုချင်တာတွေကို ဝယ်ယူပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ခရီးစဉ်အရ ဆက်လက်သွားရောက်ကြရမှာက တောင်ကြီးမြို့ပါ။ ဒါပေမဲ့ ထမ်းစန်းဂူဈေးဆိုင်တန်းကနေ ထွက်ခွာခဲ့ပြီး မကြာမီ မိနစ်ပိုင်းလေးအတွင်းမှာ ရွှေတိဂုံစေတီတော်ပုံစံတူ စေတီကြီးတစ်ဆူကို တွေ့မြင်လိုက်ရတာကြောင့် သွားရောက်ဖူးမြော်ကြရအောင်ဆိုပြီး စေတီတော်ရှိရာ တောင်ကုန်းပေါ်ကို မြေလမ်းအတိုင်း တက်ရောက်မောင်းနှင်လာခဲ့ရတယ်။ ကတ္တရာခင်းလမ်းမဟုတ်၊ ကွန်ကရစ်ခင်းလမ်းမဟုတ်၊ မြေလမ်းလေးကနေ ကားမောင်းနေရင်း ဓမ္မာရုံကြီးတစ်ခုလိုလို၊ ဗိမာန်တော်ကြီးတစ်ခုလိုလို အဆောက်အအုံကြီးကို ကျော်ဖြတ်ပြီးတာနဲ့ စေတီတော်ရှိရာကို ရောက်လာခဲ့ကြတယ်။ စေတီတော်ရှေ့ကို ရောက်ရောက်ချင်း ကားရပ်လိုက်တာနဲ့ တစ်ပြိုင်နက် ထူးခြားဆန်းပြားတာတွေကို စတင်မြင်တွေ့ရတော့တယ်။ စေတီတော်အရှေ့ဆိုင်းဘုတ်မှာ "ရွှေတိဂုံစေးတီးတေား"ဆိုပြီး ရေးသားဖော်ပြထားချက်ကြောင့် ထူးခြားမှုရှိနေသလို စိတ်ဝင်စားသွားကြရတယ်။ ဒေသခံတိုင်းရင်းသားလူမျိုးတွေ အသုံးပြုရေးသားနေတဲ့အတိုင်း ရေးသားထားတာဖြစ်မှာပါလို့လဲ အားလုံးကမှတ်ချက်ပြုကြတော့တယ်။

စေတီတော်ကြီးက ရွှေတိဂုံပုံစံတူဆိုတဲ့အတိုင်း ထုထည်လဲကြီး၊ မြင့်လဲမြင့်မားနေသလို ရင်ပြင်တော် ဧရိယာက အလွန်ကျယ်ဝန်းနေပါတယ်။ ဒါကြောင့် စေတီတော်ကြီးကို တစ်ပတ်ပတ်ပြီး လှည့်လည်ပူဇော်ခြင်းမပြုကြတော့ဘဲ ရောက်ရှိနေကြတဲ့ နေရာအနီးပတ်ဝန်းကျင်ကနေပဲ လေ့လာဖူးမြော်တာတွေ လုပ်ကြရတယ်။ ဒုါပြင် စေတီတော်ရင်ပြင်မှာ ကွန်ကရစ်ခင်းထားတာမျိုးတွေ၊ ကျောက်ပြားခင်းထားတာမျိုးတွေ မရှိသေးဘဲ မြေသားနဲ့ ကျောက်စရစ်ခဲလေးတွေသာ ရှိနေသေးတာကြောင့် ခြေထောက်ခဲစူးမှာကို စိုးရိမ်ကြပြီး မပတ်ကြတော့တာလဲပါဝင်ပါတယ်။ တွေ့မြင်နေရတဲ့အတိုင်းဆိုရင် စေတီတော်

ကြီးကို တည်ထားမှုပြီးစီးသွားခဲ့ပေမဲ့ ဘက်စုံမွမ်းမံတည်ဆောက်ဖို့အတွက် အချိန်တွေ၊ အလှူငွေတွေ အများအပြားလိုအပ်နေအုံးမှာပါ။ စေတီတော်ကြီးရှိရာကို နောက်တစ်ကြိမ်ထပ်မံရောက်ရှိလာမဲ့အခါမှာ ဘာတွေတိုးတက်ပြောင်းလဲသွားမလဲဆိုတာကို မသိရှိရသေးပါဘူး။ အခုအချိန်မှာတော့ စေတီတော်ဝန်းကျင်တစ်ခုလုံး အာရုံခံတန်ဆောင်းတွေမရှိ၊ အဆောက်အအုံတွေမရှိသေးဘဲ နေရာတိုင်းရှင်းရှင်းလင်းလင်းဖြစ်နေပါသေးတယ်။

ရွှေတိဂုံပုံစံတူစေတီတော်ကြီးမှာ လေ့လာပြီးကြတာနဲ့ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။ အစီအစဉ်က စေတီတော်ကြီးကို မရောက်ခင်လမ်းဘေးမှာရှိနေတဲ့ အဆောက်အအုံကြီးကို ဖြစ်နိုင်ရင် ဝင်ရောက်လေ့လာကြဖို့ဖြစ်ပါတယ်။ အဆောက်အအုံကြီးကို စတင်မြင်တွေ့ရကတည်းက ခရီးဖော်တွေအားလုံးက ဝင်ရောက်ချင်စိတ်တွေ ဖြစ်ပေါ်နေကြရတယ်။ ကားကိုမောင်းနှင်လာရင်းနဲ့ အဆောက်အအုံကြီးရှိရာကို မရောက်ခင်လမ်းဘေးနေရာတစ်ခုမှာ ပြုပြင်မွမ်းမံတည်ဆောက်နေတဲ့ စေတီတော်ကြီးတစ်ဆူကိုလဲ ထပ်မံတွေ့မြင်ကြရတယ်။ စေတီတော်ကြီးအနီးဆိုင်းဘုတ်တစ်ခုမှာ ရေးသားဖော်ပြထားတဲ့အတိုင်း ဆိုရင်"တောင်မျင့်မိရုံး"လိုဖြစ်ပါတယ်။ ဒါကလဲ ဒေသခံတိုင်းရင်းသားတွေရဲ့ အသုံးအနှုန်း၊ အပြောအဆို၊ အရေးအသားအတိုင်း ဖြစ်မယ်ထင်ပါတယ်။ တောင်မျင့်မိရုံးစေတီကြီးရဲ့အနီးမှာတော့ ဓမ္မာရုံလိုလို၊ ဓမ္မဗိမာန်တော်ကြီးလိုလို အဆောက်အအုံကြီးတည်ရှိနေတာပါ။ မိမိတို့ကားလေးက အနီးကိုရောက်ရှိလာပြီး ဆိုင်းဘုတ်ကိုဖတ်ရှုလိုက်တော့ "မေတ္တာခမ်းတန် ဓမ္မဗိမာန်း"ဆိုပြီး ရေးသားထားတာကိုတွေ့မြင်လိုက်ရတယ်။ မေတ္တာခမ်းတန်ဆိုတဲ့စကားလုံးကို ထမ်းစန်းဂူက ထမင်းစားဆောင်မှာ ရေးသားထားတာကို တွေ့မြင်ခဲ့ရပြီးပါပြီ။ ထမင်းစားဆောင်မှာတော့ မေတ္တာခမ်းတန် စတုဒိသာထမင်းစားဆောင်လို့ ရေးသားထားပါတယ်။ ဒါကြောင့် မေတ္တာခမ်းတန်ဆိုတာ ဒေသခံတွေအတွက် အရေးပါအရာရောက်တဲ့ စကားလုံး ဒါမှမဟုတ် နာမည်တစ်ခုဆိုတာ တွေးထင်သိမြင်လိုက်ရတယ်။

ဓမ္မဗိမာန်တော်ကြီးအတွင်းကို ဝင်ရောက်လေ့လာကြတဲ့အခါမှာ ဗိမာန်တော်ကြီးက အလွန်ကြီးကျယ်ခမ်းနားကြောင်းကို စတင်တွေ့မြင်ကြရပြန်တယ်။ အကျယ်အဝန်းအနေနဲ့ အနည်းဆုံး အလျားပေနှစ်ရာ၊ အနံပေတစ်ရာဝန်းကျင်ရှိမယ်ထင်တယ်။ အရှေ့မှာ ခန်းလုံးပြည့်စင်မြင့်ခံ ဘုရားစင်ကြီးတစ်ခုရှိနေတယ်။ ဘုရားစင်ပေါ်မှာလဲ ဗုဒ္ဓရုပ်ပွားတော်မျိုးစုံကို တွေ့မြင်နေရတယ်။ ဗိမာန်ကြီးအတွင်းမှာတော့ ဘုရားဖူးဧည့်သည်တွေလား၊ ဒေသခံဥပုသ်သည်တွေလားဆိုပြီး တိတိကျကျမသိနိုင်တဲ့သူတွေ ဟိုတစ်စု၊ ဒီတစ်စု ရှိနေကြတယ်။ သူတို့တွေက သူ့အုပ်စုနဲ့သူ ပိုင်းဖွဲ့နေကြတာပါ။ ဘုရားစင်ရှေ့အနီးမှာ လူတွေပိုမိုများပြားပါတယ်။ သက်ဆိုင်ရာတိုင်းရင်းသား ဘာသာစကားတွေနဲ့ ပြောဆိုနေကြတာဖြစ်လို့ ဘာတွေပြောဆိုနေကြတယ်ဆိုတာကို မသိနိုင်ခဲ့ပါဘူး။ ဒါကြောင့်လဲ ဗိမာန်ကြီးအတွင်းမှာပဲ လေ့လာကြည့်ရှုနေကြရတယ်။

ဗိမာန်ကြီးကို သစ်သားတိုင်လုံးကြီးတွေ၊ သစ်သားအခင်း၊ သစ်သားမျက်နှာကြက်တွေနဲ့ တည်ဆောက်ထားပြီး ဘေးဘက်အကာတွေကို မှန်တွေနဲ့ ကာရံထားတယ်။ တိုင်လုံးကြီးတွေ၊ အခင်းတွေ၊ မှန်တွေအားလုံးက ပြောင်လက်သန့်ရှင်းနေပါတယ်။ အချို့တိုင်လုံးကြီးတွေမှာ ၄က်ပျောပင်တွေ၊ သာသနာ့အလံတွေ စိုက်ထူထားတာကို တွေ့မြင်နေရတယ်။ အနောက်နဲ့ဘေးနှစ်ဖက် အပေါ်အမြင့်ပိုင်းနေရာတွေမှာ ဗုဒ္ဓဝင်ပန်းချီကားချပ်ကြီးတွေ ရှိနေကြတယ်။ ဗိမာန်ကြီးတစ်ခုလုံးကို လွမ်းခြုံကြည့်လိုက်မယ်ဆိုရင် တကယ့်ကို ကြီးကြီးမားမားခမ်းခမ်းနားနားကြီးပါ။

ဗိမာန်အတွင်းမှာ လေ့လာကြည့်ရှုခဲ့ကြပြီး အပြင်ဘက်ကိုထွက်လိုက်တော့ ကနုတ်တွေ၊ ခြူးပန်းခြူးနွယ်တွေ၊ ကြာဖူးကြာရွက်တွေ၊ အချွန်အတက်တွေ၊ ရေကန်ကြီးတွေ၊ ရေပန်းကြီးတွေနဲ့ လှလှပပ ဝေဝေဆာဆာ ပြုလုပ်မွမ်းမံဖန်တီးထားတဲ့ ကျောင်းဆောင်တွေ၊ တံခွန်တိုင်တွေ၊ ဗုဒ္ဓရုပ်ပွားတော်အဆူဆူတွေကို တွေ့မြင်ကြရပြန်တယ်။ ပုံသဏ္ဌာန်အနေအထားတွေက ထိုင်းနိုင်ငံမှာ တွေ့မြင်ခဲ့ရတဲ့ ဘုရားကျောင်းကန်၊ စေတီအဆောက်အအုံတွေအတိုင်း ပြုလုပ်ဖန်တီးထားတာပါ။ ထိုင်းနိုင်ငံကို သွားရောက်ခဲ့စဉ်တုန်းက ဘုရားဖြူဆိုတဲ့အတိုင်း အရာအားလုံးကို ဆေးအဖြူတွေနဲ့ မွမ်းမံထားသလို ဘုရားပြာကိုရောက်တဲ့အခါမှာလဲ ဆေးအပြာရောင်တွေနဲ့ ဖန်တီးပြုလုပ်ထားတာကို တွေ့မြင်ခဲ့ရတယ်။ အခုတွေ့မြင်နေရတာက အဖြူရောင်ဆေးတွေနဲ့ပါ။ ဘယ်နေရာကိုကြည့်လိုက်၊ ကြည့်လိုက် အရာအားလုံးကို ဆေးအဖြူရောင်တွေက လွှမ်းခြုံထားတယ်။ ဒီနေရာမှာ လူတွေအများအပြားရှိနေကြပြီး ဓာတ်ပုံတွေရိုက်ယူနေကြတာပါ။ ဒီနေရာက ဓာတ်ပုံတွေ ရိုက်ချင်စရာကောင်းနေသလို အလွန်လှပသာယာနေတာကြောင့် လေ့လာကြည့်ရှုဖို့နေရာတစ်ခု၊ အပန်းဖြေနားနေဖို့ နေရာတစ်ခုဖြစ်လို့နေတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်းမှာ တည်ရှိနေတဲ့ထမ်းစန်းဂူက နာမည်ကျော်ကြားထင်ရှားနေသလို အခုမိမိတို့ရောက်ရှိနေတဲ့ ရွှေတိဂုံစေတီတော်ပုံစံတူစေတီတော်ကြီး၊ ဓမ္မဗိမာန်တော်ကြီးတွေမှာ လေ့လာကြည့်ရှုစရာ၊ အပန်းဖြေနားနေစရာတွေ အမြောက်အမြားရှိနေကြတာကြောင့်လဲ သင်္ကြန်အကြတ်နေ့ဖြစ်တဲ့ အခုလိုနေ့ရက်အချိန်အခါမျိုးမှာ သွားလာကြသူတွေ၊ ဘုရားဖူးသူတွေနဲ့ စည်ကားနေတာကို တွေ့မြင်နေရတယ်။ နယ်မြေအေးချမ်းလုံခြုံစိတ်ချရလို့လဲ ပိုမိုစည်ကားနေပါတယ်။

မိမိတို့ခရီးဖော်အဖွဲ့တွေက လေ့လာစရာရှိတာတွေကိုလေ့လာ၊ ကြည့်ရှုစရာရှိတာတွေကို ကြည့်ရှုပြီး ကြတာနဲ့ ဗိမာန်တော်ကြီးကနေ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။ ဒါပေမဲ့ အဝင်ဝမုခ်ဦးကြီး ရှိတဲ့နေရာကိုရောက်တော့ အမှတ်တရဓာတ်ပုံတွေ စုပေါင်းရိုက်ကြရအောင်ဆိုတာနဲ့ ကားခဏရပ်ပြီး ဓာတ်ပုံတွေရိုက်ကြရတယ်။ ဒီနေရာမှာ ထူးခြားနေတာက မုခ်ဦးကြီးမှာရေးထားတဲ့ စာသားစားလုံးပေါင်းသတ်ပုံတွေပါ။ "ထမ်းဆန့်ရွှေတိဂ္ဂုံးစေးတီးတေား" ဆိုပြီးရေးသားဖော်ပြထားတာကို တွေ့ရပြန်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဗဟုသုတရရှိခဲ့ပြီး အမှတ်တရတွေ ဖြစ်ခဲ့ရပါတယ်။ နောက်တစ်ခေါက် ခရီးစဉ်တွေအဖြစ် သူတို့ရေးသားထားတဲ့ "ထမ်းဆန့်ရွှေတိဂ္ဂုံးစေးတီးတေား"ရှိရာကို အရောက်သွားပြီး နေရာအစုံကိုထပ်မံလေ့လာချင်ပါသေးတယ်။ အခုတော့ အချိန်ရှိတုန်း တောင်ကြီးမြို့ရှိရာကို ဆက်လက်ခရီးနှင်လိုက်ပါအုံးမယ်။

အချိန်က မွန်းလွဲ ၂ နာရီကျော်နေပါပြီ။ သတ်မှတ်ခရီးစဉ်နဲ့ အချိန်အနေအထားအတိုင်းဆိုရင် ဒီနေ့ည အောင်ပန်းမြို့ကိုအရောက်သွားပြီး ညအိပ်ရပ်နားကြဖို့ အဆင်ပြေနိုင်ပါတယ်။ ထမ်းစန်းဂူနယ်မြေဒေသကနေ တောင်ကြီးမြို့ကို တစ်ခဏတာအတွင်း မောင်းနှင်နိုင်မှာဖြစ်သလို တောင်ကြီးမြို့ကနေ အောင်ပန်းမြို့ကိုလဲ ကားမောင်းချိန်တစ်နာရီဝန်းကျင်အတွင်း ရောက်ရှိမောင်းနှင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဟိုပုံးမြို့အတွင်းကို ဝင်ရောက်လာကတည်းက လမ်းတစ်လျှောက်လုံး ရေပက်ကစားနေတာကြောင့် ကားကိုအရှိန်လျှော့ပြီး ဖြည်းဖြည်းမှန်မှန်မောင်းနေရသလို တချို့နေရာတွေမှာ ရပ်တန့်ပေးနေရသေးတယ်။ ကားမှန်တွေကို အတင်အချလုပ်လို့မရတာကြောင့်လဲ ကားပေါ်မှာပါတဲ့ခရီးဖော်တွေအားလုံးရွှဲရွှဲစိုကုန်ကြရပြန်ပါပြီ။ အခြေအနေအရ ဘာမှမတတ်နိုင်ဘဲ ရေစိုစိုနဲ့ ဆက်လက်မောင်းနှင်နေရတယ်။ တောင်ကြီးမြို့ကိုရောက်ရင်ဖြစ်ဖြစ်၊ အောင်ပန်းမြို့ကိုရောက်ရင်ဖြစ်ဖြစ် အချိန်ရရင် ရသလို ကားပြင်ဆိုင်ဝပ်ရှော့တစ်ခုခုမှာ ပြသပြင်ဆင်ရပါအုံးမယ်။

ဒီနေ့အတွက်တော့ ဟိုပုံးမြို့ထဲကို ရောက်ရှိနေစဉ်အတွင်း ထမ်းစန်းဂူ၊ ရွှေတိဂုံပုံစံတူစေတီတော်ကြီးနဲ့အတူ မေတ္တာခမ်းတန်ဓမ္မဗိမာန်မှာ ကြည်ညိုဖူးမြော်လေ့လာခွင့် ရရှိခဲ့ကြလို့ အကျိုးကျေးဇူးတွေများပြားခဲ့ပါတယ်။ ဆက်လက်ပြီး တောင်ကြီးကို ခရီးနှင်လိုက်ပါအုံးမယ်။

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မြေပဲ ၄၁၉၄ ဧက၊ နှမ်း ၂၃၃၈၅ ဧက၊ နေကြာ ၄၄၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၈၀၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ဆီထွက်သီးနှံစိုက်ခင်းတွေကို အထွက်နှုန်းတွေတိုးတက်စေဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့ အသိပညာပေးတာတွေကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင် အထွက်နှုန်းပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

ဟင်္သာတ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရွာသာကုန်းကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းကြီးကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ပေ ၇၂၀၊ အကျယ် ၂ ဒသမ ၅ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းထံမှ သိရသည်။

ဇင်မာ

မွန်ဂိုလီးယားနိုင်ငံမြောက်ပိုင်းတွင် အပူရှိန်ပြင်းထန်လာသဖြင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်

အူလန်ဘတော ဇူလိုင် ၂၄

မွန်ဂိုလီးယားနိုင်ငံ မြောက်ပိုင်းတွင် အပူရှိန်ပြင်းထန်လာသဖြင့် တောမီး လောင်ကျွမ်းမှုများဖြစ်ပေါ်နေကြောင်း မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ(NEMA)က ဇူလိုင် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မွန်ဂိုလီးယားနိုင်ငံ မြောက်ပိုင်း ဆီလန်ဂီပြည်နယ်တွင် ဇူလိုင် ၂၂ ရက်က ၁၅ နေရာခန့် တောမီး လောင်ကျွမ်းခဲ့သဖြင့် မီးငြိမ်းသတ်ရန် မီးသတ်သမား ၄၂၅ ဦး ထက်မနည်း ဖြန့်ကြက်ထားကြောင်း သိရသည်။

ယခုသီတင်းပတ် အစောပိုင်းတွင် ဒေသတွင်း၌အပူချိန်မြင့်တက်မှုများဖြစ်ပွားခဲ့သဖြင့် တောမီး လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခြောက်သွေ့ပူပြင်းသော ရာသီဥတု အခြေအနေကြောင့် မီးထွန်းခြင်း၊ မီးမွှေးခြင်း၊ ဆေးလိပ်သောက်ခြင်းမှထွက်လာသော မီးစများကို အထူးဂရုစိုက်ကြရန်လိုကြောင်း နိုင်ငံအာဏာပိုင်များက ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှု၏သက်ရောက်မှု ဒဏ်ကို အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ နယ်မြေဧရိယာစုစုပေါင်း၏ ၇ ဒသမ ၉ ရာခိုင်နှုန်းသည် သစ်တောပြုန်းတီးမှုဆိုးရွားစွာဖြစ်နေပြီး နိုင်ငံ၏ စုစုပေါင်းမြေဧရိယာ ၇၇ ရာခိုင်နှုန်းသည်လည်း မြေဆီလွှာခြောက်သွေ့ကာ သစ်ပင်တချို့ခြောက်သွေ့ပျက်စီးယိုယွင်းမှု ဒဏ်ကို ခံစားနေရကြောင်း၊ ၁၅ ရာခိုင်နှုန်းခန့်သာ သစ်တောများအကောင်းအတိုင်း ကျန်ရှိတော့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

Ref : Russia Today
Trs : KZ

ဆိုက်ပရပ်စ်နိုင်ငံ မြောက်ပိုင်းတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ပျက်စီးကာ သေဆုံးသူ နှစ်ဦးရှိခဲ့

နီကိုရှား ဇူလိုင် ၂၄

ဆိုက်ပရပ်စ်နိုင်ငံတွင် ဇူလိုင် ၂၃ ရက်မှစတင်၍ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဆိုက်ပရပ်စ်နိုင်ငံ မြောက်ဘက်ပိုင်း လီမက်ဆိုလ်မြို့နှင့် လိုဖိုမြို့တို့တွင် နေအိမ်တချို့ပျက်စီးကာ ဒေသခံနှစ်ဦး သေဆုံးခဲ့ကြောင်း ဆိုက်ပရပ်စ်သမ္မတရုံးက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုက်ပရပ်စ်နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသည့် ဒေသခံလူဦးရေလည်း မြင့်မားနေကြောင်း၊ သေဆုံးသူနှစ်ဦးမှာ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သည့် မော်တော်ယာဉ်အတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လီမက်ဆိုလ်မြို့နှင့် လိုဖိုမြို့တို့တွင် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

"တောမီးကူးစက်လောင်ကျွမ်းမှုဟာ ဒေသခံတွေကို တော်တော်လေး အခက်တွေ့စေနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် အဖွဲ့အစည်း အားလုံးကလဲ ကြိုးပမ်းနေကြပါတယ်"ဟု ဆိုက်ပရပ်စ်နိုင်ငံ သမ္မတနီကို့စ်က ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ပမာဏမှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသော မြို့များနှင့်ကျေးလက်ဒေသများတွင် နေထိုင်သည့် ဒေသခံများကိုလည်း တောမီးအန္တရာယ် အထူးသတိပြုရန်နှင့် လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ဆိုက်ပရပ်စ်သမ္မတရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

မနီလာမြို့တွင် ရေကြီးရေလှုံမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

မနီလာ ဇူလိုင် ၂၄

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလှုံမှု ဖြစ်ပေါ်နေသောကြောင့် ဖိလစ်ပိုင်မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း ဇူလိုင် ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

မနီလာမြို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာပေါင်း ၅၀၀ ကျော်ထိရှိနေပြီး ဧရိယာတချို့တွင် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများကို ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများသို့စေလွှတ်ထားပြီး ဆိုးရွားစွာရေလွှမ်းနေသည့် ဧရိယာပေါင်း ၂၇၃ နေရာထိ ရှိနေကြောင်း၊ ရေဘေးဒဏ်အန္တရာယ်များပြားသည့် အတွက်ကြောင့် ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြားကို စေလွှတ်ထားရပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း Metropolitan Manila Development Authority က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မနီလာမြို့မှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ရေကြီးရေလှုံမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေရှိလာရင် ကဏ္ဍအသီးသီးမှာ ပြဿနာတွေရှိလာနိုင်တဲ့အတွက် လမ်းတွေပေါ်မှာ ရေလွှမ်းနေမှုကို အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ရေစုပ်စက်ကြီးတွေနဲ့ လမ်းမတွေပေါ်က ရေတွေကို စုပ်ထုတ်ပေးနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ဆိုးရွားစွာ ရင်ဆိုင်နေရတဲ့ဧရိယာအတွင်းက ပြည်သူတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက် ရေဘေးအန္တရာယ် ပိုမိုဆိုးရွားလာနိုင်ပါတယ်"ဟု Metropolitan Manila Development Authority မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

အင်ဒိုနီးရှားနိုင်ငံ စီရမ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်

ဂျကာတာ ဇူလိုင် ၂၄

အင်ဒိုနီးရှားနိုင်ငံ စီရမ်ကျွန်းတွင် ဇူလိုင် ၂၃ ရက်က ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ငလျင်စောင့်ကြည့်ရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် စီရမ်ကျွန်းသည် အင်ဒိုနီးရှားနိုင်ငံ မာလူခူပြည်နယ်၏ အကြီးဆုံးကျွန်းဖြစ်ပြီး ကျွန်းတစ်ခုလုံးကို သစ်တောများဖြင့် ဖုံးလွှမ်းထားကြောင်း၊ ငလျင်သည် တောင်လတ္တီတွဒ် ၃ ဒသမ ၁၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၃၀ ဒသမ ၂၂ ဒီဂရီ၊ ကျွန်း၏အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငလျင် လှုပ်ခတ်ခဲ့ပြီး နောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံတချို့အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ငလျင်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများလည်းရှိကြောင်း၊ ထို့ကြောင့် အဆောက်အအုံ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ လတ်တလော သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးကြောင်း အင်ဒိုနီးရှားနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

မိုးရွာသွန်းမှုကြောင့် ရိုင်းမြစ်ရေမြင့်တက်လာသော်လည်း ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းသွားလာရန် ခက်ခဲနေဆဲဖြစ်

ဘာလင် ဇူလိုင် ၂၄

ဂျာမနီနိုင်ငံ၏ ရေကြောင်းကုန်သွယ်မှုအတွက် အဓိကကျသည့် ရိုင်းမြစ်တွင် မိုးရွာသွန်းမှုများရှိခဲ့ပြီး မြစ်ရေအနည်းငယ်မြင့်တက်ခဲ့သော်လည်း ကုန်တင်သင်္ဘောကြီးများ သွားလာရန် ခက်ခဲနေဆဲဖြစ်ကြောင်း ဂျာမနီနိုင်ငံ ရေကြောင်းကုန်သွယ်မှုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇွန်လမှစ၍ အပူချိန်မြင့်တက်မှုကြောင့် ရိုင်းမြစ်ဝှမ်းသည် ရေကျဆင်းကာ ကုန်တင်သင်္ဘောကြီးများ ဖြတ်သန်းသွားလာခွင့်ပိတ်ထားရကြောင်း၊ ဇူလိုင်လဒုတိယပတ်မှစ၍ မိုးရွာသွန်းမှုများရှိလာခဲ့ကာ ရိုင်းမြစ်ဝှမ်းရေမြင့်တက်လာကြောင်း ရေကြောင်းကုန်သွယ်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ဇွန်လနဲ့ ဇူလိုင်လအစပိုင်းမှာ အပူချိန်မြင့်တက်မှုကြောင့် ရိုင်းမြစ်ဝှမ်းရေကျဆင်းပြီး သင်္ဘောတွေ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတဲ့ အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် ကုန်တင်သင်္ဘောကြီးတွေ ဖြတ်သန်းသွားလာမှု အခက်အခဲနဲ့ ရင်ဆိုင်နေရတယ်။ ဇူလိုင်လဒုတိယပတ်ကစပြီး မိုးရွာသွန်းမှုရှိလာပြီးတော့ ရေမြင့်တက်လာခဲ့ပေမဲ့ ရိုင်းမြစ်ဝှမ်းအတွင်း သယ်ယူပို့ဆောင်ရေး သင်္ဘောတွေသာ သွားလာနိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်။ ကုန်တင်သင်္ဘောတွေ ဖြတ်သန်း သွားလာဖို့ကတော့ အန္တရာယ်ရှိနိုင်ပါတယ်"ဟု ရေကြောင်း ကုန်သွယ်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကပ်မြို့ဧရိယာအတွင်းရှိ ရိုင်းမြစ်ဝှမ်းတွင် သင်္ဘောများဖြတ်သန်းသွားလာမှု ၇၀ ရာခိုင်နှုန်းသာရှိနေဆဲဖြစ်ပြီး ဒူစဘတ်မြို့နှင့် ကိုလုံးမြို့ဧရိယာအတွင်းရှိ ရိုင်းမြစ်ဝှမ်းတွင် သင်္ဘောများဖြတ်သန်းသွားလာနိုင်မှုမှာ ၆၀ ရာခိုင်နှုန်းသာရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

စနေနေ့ညကစားမဲ့ အမျိုးသမီးအာဖရိကဖလားဗိုလ်လုပွဲမှာ နိုင်ဂျီးရီးယားအသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်စနေနေ့မှာတော့ အမျိုးသမီး အာဖရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ရှိတာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်ကို အားပေးရအုံးမှာဖြစ်ပါတယ်။ အမျိုးသမီး အာဖရိကဖလားပြိုင်ပွဲကိုတော့ အာဖရိက ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၁၉၈၈ ခုနှစ်က ပြိုင်ပွဲဝင်အသင်း ရှစ်သင်းနဲ့ စတင်ကျင်းပခဲ့ပြီး ချန်ပီယံဆုဖလားကိုတော့ နိုင်ဂျီးရီးယားအမျိုးသမီး အသင်းက ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အာဖရိက ဘောလုံးအဖွဲ့ချုပ်ဟာ နှစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပခဲ့တာဆိုရင် လက်ရှိမှာ ၁၄ ကြိမ်မြောက်ထိ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့ဘဲနောက်ပိုင်းမှာ ပုံမှန်ပြန်လည်ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာဆိုရင်တော့ နိုင်ဂျီးရီးယားအမျိုးသမီးအသင်းက ဆုဖလားကိုးကြိမ်နဲ့ အောင်မြင်မှုအများဆုံးအသင်းအဖြစ်ရပ်တည်နေသလို လက်ရှိချန်ပီယံကတော့တောင်အာဖရိကအမျိုးသမီးအသင်းပဲဖြစ်ပါတယ်။ အခုနှစ် ပြိုင်ပွဲကိုတော့ မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့တာကြောင့် နှစ်ကြိမ်ဆက်တိုက် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ပြီး ဇူလိုင် ၅ ရက်ကနေ ဇူလိုင် ၂၆ ရက်ထိ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

အခုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းက ပါဝင်ကစားခွင့်ရခဲ့ပြီး တစ်အုပ်စုကို အသင်းလေးသင်းနဲ့ အုပ်စုသုံးစုခွဲ ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ အမှတ်ပေးဇယားထိပ်ဆုံးနှစ်သင်းက ဆီမီးဖိုင်နယ်အဆင့်တိုက်ရိုက်တက်ရောက်ခွင့်ရခဲ့ပြီး အကောင်းဆုံးတတိယနေရာရရှိတဲ့ အသင်းနှစ်သင်းကလဲဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာတွေ့ရမှာပါ။ လက်ရှိ အိမ်ရှင်မော်ရိုကိုအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ဗိုလ်လုပွဲရောက်ခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းဟာ အခုပြိုင်ပွဲမှာရှုံးပွဲမရှိခဲ့ဘဲ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့အသင်းတွေဖြစ်သလို ဂိုးသွင်းအများဆုံး ကစားသမားတွေကလဲ သူတို့နှစ်သင်းစလုံးက တိုက်စစ်မှူးတွေဖြစ်တာကြောင့် သွင်းဂိုးလေးဂိုးစီနဲ့ထိပ်ဆုံးမှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။

နိုင်ဂျီးရီးယားအမျိုးသမီးအသင်း အနိုင်ရမှာပါ

အမျိုးသမီးအာဖရိကဖလားဗိုလ်လုပွဲစဉ်မှာတော့ အိမ်ရှင်မော်ရိုကိုအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ မော်ရိုကိုအမျိုးသမီးအသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့် (၆၀) မှာ ရပ်တည်နေတဲ့အသင်းဖြစ်ပြီး အာဖရိကအမျိုးသမီး အသင်းတွေထဲမှာ ကစားပုံမာကျောတဲ့ အသင်းတစ်သင်းလဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အာဖရိကဖလားပြိုင်ပွဲကို ၁၉၉၈ ခုနှစ်မှာ စတင်ယှဉ်ပြိုင်ချိန်နဲ့ ၂၀၀၀ ပြည့်နှစ်မှာသာ ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ တစ်ကြိမ်မှခြေစစ်ပွဲအောင်မြင်မှုမရှိတော့ဘဲ ၂၀၂၂ ခုနှစ်မှာတော့ အိမ်ရှင်အသင်းဖြစ်တာကြောင့် တိုက်ရိုက်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အခုနှစ်မှာလဲ အိမ်ရှင်အဖြစ် ဆက်လက်ကျင်းပခွင့်ရခဲ့ပြီး တိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကို စပိန်လူမျိုး နည်းပြဗယ်ဒါတာဝန်ယူနေတာဖြစ်သလို လက်ရှိကစားသမားအများစုကိုလဲ စပိန်ကလပ်အသင်းတွေနဲ့ ဥရောပကလပ်အသင်းတွေက ကစားသမားတွေနဲ့စုဖွဲ့ထားတာဖြစ်လို့ စုဖွဲ့မှုကောင်းတယ်လို့ဆိုရမှာပါ။

အခုပြိုင်ပွဲမှာတော့ မော်ရိုကိုအမျိုးသမီးအသင်းဟာ အုပ်စု (A) မှာ ဇမ်ဘီယာအသင်း၊ ဆီနီဂေါအသင်း၊ ဒီအာကွန်ဂိုအသင်းတို့နဲ့ တစ်အုပ်စုတည်းကစားရတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲမှာတော့ ဇမ်ဘီယာအသင်းနဲ့ကစားရတာကြောင့် စုဖွဲ့မှုအသာနဲ့ကစားရပေမဲ့ ဇမ်ဘီယာအသင်းရဲ့ တိုက်စစ်အားက ပွဲစကတည်းက ဦးဆောင်ဂိုးသွင်းယူပြီး မော်ရိုကိုအသင်းကိုဖိအားပေးနိုင်ခဲ့လို့ မော်ရိုကိုအသင်းချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရသလို ပွဲချိန် ၁၂ မိနစ်မှာ ပင်နယ်တီရရှိခဲ့ပြီး ချေပဂိုးရခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဇမ်ဘီယာအသင်းက ကစားပုံပြောင်းလဲခဲ့သလို တန်ပြန်တိုက်စစ်ကနေ ပွဲချိန် ၂၇ မိနစ်မှာ ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့တာကြောင့် မော်ရိုကိုအသင်းချေပဂိုးရဖို့ ဆက်တိုက်ဖိအားပေးကစားခဲ့ရပြီး ပွဲချိန် ၈၇ မိနစ်မှာ ဂိုးရခဲ့လို့နှစ်ဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဒီအာကွန်ဂိုအသင်းနဲ့တွေ့ဆုံခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ကစားနိုင်ခဲ့ကာ လေးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ အိမ်ရှင်ဆီနီဂေါအသင်းနဲ့ ပွဲကျပ်ကစားရပေမဲ့ ပထမပိုင်းသွင်းဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အုပ်စုပထမနေရာကနေကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ အုပ်စု (C) ကနေ အကောင်းဆုံး အုပ်စုတတိယနေရာနဲ့ တက်ရောက်လာတဲ့မာလီအသင်းနဲ့ တွေ့ခဲ့တာကြောင့် ပွဲစဉ်ချောင်ခဲ့တယ်လို့ဆိုရမှာပါ။ မာလီအသင်းအနေနဲ့ ကွာတားဖိုင်နယ်တက်ရောက်လာပေမဲ့ ခံစစ်ကစားပုံက တိုက်စစ်ကောင်းတဲ့အသင်းတွေဆို ဂိုးပေးရလွယ်နေတာကြောင့် အုပ်စုအဆင့်မှာ ပေးဂိုးငါးဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မော်ရိုကိုအသင်းနဲ့ တွေ့ချိန်မှာ ပွဲစကတည်းက တိုက်စစ်ကစားပုံမြင့်လာတဲ့ မော်ရိုကိုအသင်းကို မထိန်းနိုင်ဘဲ ခုနစ်မိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းဂိုးမပေးရရေး ထိန်းကစားခဲ့ပေမဲ့ ဒုတိယပိုင်းပွဲကစားချိန်အရောက်မှာတော့ မော်ရိုကိုအသင်းက အဝေးကန်ချက်တွေနဲ့ ဆက်တိုက်ဖိအားပေးခဲ့တာကြောင့် မာလီအသင်းခံစစ်ပိုင်းအခက်တွေ့ခဲ့ပြီး ဦးဆောင်ဂိုးတွေ ဆက်တိုက်ပေးလိုက်ရတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း မော်ရိုကိုအသင်းအနိုင်သေချာဖို့ ပြိုင်ပွဲကိုထိန်းကစားခဲ့တာကြောင့် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာ မာလီချေပဂိုးရခဲ့ပေမဲ့ သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ အယ်ဂျီးရီးယားအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့နိုင်ပွဲရခဲ့တဲ့ ဂါနာအသင်းနဲ့တွေ့ခဲ့တာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်မှာတော့ ခံစစ်ကစားပုံကောင်းတဲ့ ဂါနာနဲ့ကစားခဲ့ရလို့ အခက်တွေ့ခဲ့ပြီး ပွဲချိန် ၂၆ မိနစ်မှာ ဂါနာအသင်းရဲ့ဦးဆောင်မှုကိုခံရပေမဲ့ ပွဲကစားချိန် ၅၅ မိနစ်မှာ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်ကစားခဲ့ရတာဖြစ်ပါတယ်။ အချိန်ပိုမှာလဲ နှစ်သင်းစလုံးဂိုးမရခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ရောက်ခဲ့ပေမဲ့ မော်ရိုကိုအသင်းက လေးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

နိုင်ဂျီးရီးယားအသင်းဟာ အခုနှစ်အတွင်း ကစားခဲ့တဲ့ပြိုင်ပွဲတွေမှာ ပြိုင်ပွဲစုံရှုံးပွဲမရှိသေးဘဲ အာဖရိကမှာလဲ ခြေစွမ်းပိုင်းအကောင်းဆုံး အသင်းအဖြစ်ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ ဥရောပကလပ်အသင်းတွေက ကစားသမားတွေနဲ့ အများဆုံးစုဖွဲ့ထားတာဖြစ်လို့ စုဖွဲ့မှုလဲကောင်းနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အခုပြိုင်ပွဲအုပ်စု (B) မှာ အယ်ဂျီးရီးယား၊ဘော့ဆွာနာ၊တူနီးရှားအသင်းတို့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ အုပ်စုအဖွင့်ပွဲမှာတော့ တူနီးရှားအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပြိုင်ဘက်ကိုပွဲစကတည်းက ဖိအားပေးတိုက်စစ်ဆင်နိုင်ခဲ့တာကြောင့် ပွဲချိန်လေးမိနစ်မှာ ဦးဆောင်ဂိုးရခဲ့သလို ပွဲချိန် ၄၅ မိနစ်မှာ ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ လူစားလဲမှုပြုလုပ်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းချုပ်နိုင်ခဲ့တာကြောင့် တူနီးရှားအသင်းချေပဂိုးရရှိရေး အခက်တွေ့ခဲ့သလို အယ်ဂျီးရီးယားတိုက်စစ်က သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဘော့ဆွာနာအသင်းနဲ့ ကစားရပေမဲ့ ပြိုင်ဘက်က ခံစစ်အသားပေးကစားလာတာကြောင့် ဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန်မှာ တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်နိုင်ခဲ့လို့ ပွဲချိန် ၈၉ မိနစ်မှာ နောက်ကျသွင်းဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

အုပ်စုနောက်ဆုံးပွဲမှာတော့ သရေရလဒ်ရတာနဲ့အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်တာကြောင့် ပွဲစကတည်းက အယ်ဂျီးရီးယားကို ထိန်းချုပ်ကစားခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြိုင်ဘက်ကို လျှော့မတွက်ဘဲ ဂိုးရဖို့ထက် ဂိုးမပေးရရေးကိုသာ အာရုံစိုက်ကစားခဲ့တာကြောင့် တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ရမှတ်ခွဲယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အုပ်စုပထမနေရာကနေ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီး အုပ်စု (A) က ဒုတိယနေရာနဲ့ တက်ရောက်လာတဲ့ ဇမ်ဘီယာအသင်းနဲ့ တွေ့ဆုံခဲ့တာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်အဆင့်မှာ နိုင်ဂျီးရီးယားအသင်းဟာ အတွေ့အကြုံပိုင်းအားနည်းတဲ့ ဇမ်ဘီယာလိုအသင်းနဲ့ ကစားခဲ့ရလို့ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက် ဇမ်ဘီယာအသင်းကတော့ နိုင်ဂျီးရီးယားအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နေရတာကြောင့် ချေပဂိုးသွင်းယူဖို့အခွင့်အရေးမရခဲ့ဘဲ ငါးဂိုးပြတ်နဲ့ရှုံးခဲ့တာဖြစ်လို့ ပြိုင်ပွဲကထွက်ခွာခဲ့ရတာကို တွေ့ရမှာပါ။

ဒါကြောင့် နိုင်ဂျီးရီးယားအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခဲ့ပြီး တောင်အာဖရိကအသင်းနဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ နှစ်သင်းစလုံးနိုင်ပွဲရရေး အပြိုင်ကြိုးပမ်းလာတာကြောင့် ပွဲစကတည်းက တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဖိအားပေးနိုင်ခဲ့ပေမဲ့ နိုင်ဂျီးရီးယားအသင်းက ပြိုင်ဘက်အသင်းရဲ့ ကစားအားကျဆင်းမှုတွေကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ပထမပိုင်းနာကျင်အချိန်ပိုမှာ ဦးဆောင်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာ တောင်အာဖရိကအသင်းက တိုက်စစ်ကစားအား ပိုကောင်းလာတာကြောင့် ပွဲချိန် မိနစ် ၆၀ မှာ ပင်နယ်တီကနေ ချေပဂိုးရခဲ့ပေမဲ့ နိုင်ဂျီးရီးယားအသင်းရဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုက ပြိုင်ဘက်ရဲ့ ကစားပုံကျဆင်းမှုကို အသုံးချနိုင်ခဲ့တာကြောင့် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာ ဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဗိုလ်လုပွဲစဉ်ကို တက်ရောက်ခဲ့တဲ့ မော်ရိုကိုအသင်းနဲ့နိုင်ဂျီးရီးယားအသင်းမှာ မော်ရိုကိုအသင်းက ခံစစ်ကစားပုံတည်ငြိမ်ပေမဲ့ တိုက်စစ်ပိုင်းမှာ အားနည်းချက်ရှိနေတာဖြစ်ပြီး နိုင်ဂျီးရီးယားအသင်းကတော့ ခံစစ်၊ တိုက်စစ်အားကောင်းသလို နည်းစနစ်ပိုင်းကလဲ လက်ရှိပြိုင်ပွဲဝင်အသင်းတွေထဲမှာ ကောင်းမွန်တယ်လို့ ဆိုရမှာပါ။ ဒါ့ပြင် မော်ရိုကိုအသင်းဟာ ဂိုးရဖို့ကစားသမားတစ်ဦးတည်းကို မှီခိုနေရတဲ့အခြေအနေရှိပေမဲ့ နိုင်ဂျီးရီးယားကတော့ တိုက်စစ်ပိုင်းက ကစားသမားတွေအားလုံး ဂိုးသွင်းအားကောင်းနေတာဖြစ်ပါတယ်။ ဒါ့ပြင် ပြိုင်ပွဲအတွေ့အကြုံပိုင်းမှာလဲ နိုင်ဂျီးရီးယားအသင်းက အသာရနေတာကြောင့် အခုပွဲစဉ်မှာ နိုင်ဂျီးရီးယားအသင်းကို အားပေးရမှာပါ။

မော်ရိုကိုအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မော်ရိုကို	၂	-	၂	ဇမ်ဘီယာ
ဒီအာကွန်ဂို	၂	-	၄	မော်ရိုကို
မော်ရိုကို	၁	-	၀	ဆီနီဂေါ
မော်ရိုကို	၃	-	၁	မာလီ
မော်ရိုကို	၁	-	၁	ဂါနာ

နိုင်ဂျီးရီးယားအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

နိုင်ဂျီးရီးယား	၃	-	၀	တူနီးရှား
ဘော့ဆွာနာ	၀	-	၁	နိုင်ဂျီးရီးယား
နိုင်ဂျီးရီးယား	၀	-	၀	အယ်ဂျီးရီးယား
နိုင်ဂျီးရီးယား	၅	-	၀	ဇမ်ဘီယာ
နိုင်ဂျီးရီးယား	၂	-	၁	တောင်အာဖရိက

ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၅ ရက်နေ့မှ စ၍ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
ဖတ်ကြစို့

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

စာအုပ်
စာပေ
လူမှုမိတ်ဆွေ

အိမ်မဲမြို့နယ်တွင် စပါး ၇၄၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

မြောင်းမြ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၄၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၀၁၀ ဧကကို ယခုနှစ်မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်စပါး ၇၄၆၉ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးများလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်အိမ်မဲမြို့နယ်မှာ စပါး ဧက ၁၄၃၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိစပါးတွေ ဧက ၇၀၀၀ ကျော်ထိစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်အထိ လိုအပ်တဲ့နည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်အိမ်မဲမြို့နယ်တွင်ယခုနှစ်မိုးစပါးဧက ၁၄၃၀၁၀ တွင် ပေါ်ဆန်းမွေး၊ သီးထပ်ရင်၊ ရက် ၉၀ ၊ GW-1 ပခမ်း ၊ GW- 11 ၊ ဧရာမင်း ၊ မနောသုခ စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မိုင်းကိုင်မြို့နယ် စုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုင်းကိုင် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စုံလောကျေးရွာအုပ်စု စုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှ အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက စုံလောကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိကမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စုံလောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

THE BEST QUALITY TYRE

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အမက-လယ်ကြီးကျောင်းမှ KG တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းငြိမ်းလွင်၏သား မောင်အောင်သူဟိန်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်သူရကျော်ဖြစ်ပါကြောင်း။

မောင်အောင်သူရကျော်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ Bright Kids ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မဇူးဇူးမောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးခိုင်ဖြစ်ပါကြောင်း။ **ဦးစိုးခိုင်(၁၃/ကမန(နိုင်)၀၉၇၈၁၆)**

မိခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၆)၊ Grade-12 တွင် ပညာသင်ကြားနေသော မအီမြအောင်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်အီသန်းညွန့်ဖြစ်ပါကြောင်း။

ဒေါ်အီသန်းညွန့်(၁၃/နခန(နိုင်)၀၅၄၇၂၈)

ဖခင်အမည်မှန်

၂၀၂၅-၂၆ ပညာသင်နှစ်၊ စဉ်ကိုင်မြို့နယ်၊ အထက စဉ်ကိုင်၊ Grade-12(B)မှ မမိုးမိုးခိုင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဝင်းဖြစ်ပါကြောင်း။

ဦးအောင်ဝင်း(၉/စကတ(နိုင်)၀၉၇၂၈၈)

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ မောင်ဇော်သက် (ဘ) ဦးသော်ဇင်နွေး(၉/ခမစ(နိုင်)၀၃၇၀၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-242611)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၃၈၈၁၇၁၁

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာနေ ဦးအောင်ဌေး + ဒေါ်တင်နွဲ့အေးတို့၏သမီး မအိကိုဇင်(၉/ပသက(နိုင်)၁၇၈၆၆၅) သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်တင်နွဲ့အေး(၉/အမရ(နိုင်)၀၄၅၇၄၁)

ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ သင်ပြွန်းအုပ်စု၊ ညောင်ပင်ရွာနေ အောင်ဇင်ထွန်း (ဘ) ဦးသန်းဌေး(၉/မခန(နိုင်)၂၁၅၉၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၂၅၆၈၃၆၉

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရွှေကူရပ်ကွက်နေ ဒေါ်အယ်လီဇဘက် (ဘ) ဦးဖတား(၉/မကန(နိုင်)၀၂၂၆၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-045026)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၇၉၄၀၄၂

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်ခင်တင့် (ဘ) ဦးအောင်သက်(၁၂/အစန(နိုင်)၀၀၃၇၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၆၃၅၀၆၂

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဦးထွန်းကြည် (ဘ) ဦးဘဝမ်း(၁၂/အစန(နိုင်)၀၀၃၇၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၆၃၅၀၆၂

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်းအထက၊ Grade-11(A)ခန်းတွင် ပညာသင်ကြားနေသော မောင်ကျော်လင်းထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းဇော်ဦးဖြစ်ပါကြောင်း။ **ဦးထွန်းဇော်ဦး(၉/နထက(နိုင်)၁၅၉၀၃၁)**

ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထကခွဲ(၅)၊ Grade-12 တွင် ပညာသင်ကြားနေသော မမိုးပြည်ပြည့်မောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးဝင်းမောင်ဖြစ်ပါကြောင်း။

ဦးစိုးဝင်းမောင်(၉/ပကခ(နိုင်)၀၁၆၅၈၈)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့၊ အကွက်(၄၁၄)နေ မဟန်နီဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးမင်း (ခ) ဦးမျိုးမင်းမြတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးမျိုးမင်း (ခ) ဦးမျိုးမင်းမြတ်(၉/မဟမ(နိုင်)၀၂၆၆၄၇)**

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ရွှေကူရပ်ကွက်နေ မခေါ်နူး (ဘ) ဦးဟောင်းခေါ်(၉/မကန(နိုင်)၁၅၉၀၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၇၉၄၀၄၂

အဖိုးတန်ရေချိုကို ချေတာပါ

❖ ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရ အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပြည်ရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုသုတနှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

KNU၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံ့ဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

ကော့ကရိတ်မြို့သည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင်ပါဝင်၍ ဘားအံ-မြဝတီကားလမ်းကြီးအပေါ်တွင် တည်ရှိပြီး စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သော မြဝတီမြို့နှင့် ၄၁ မိုင်ခန့်သာ ကွာဝေးပြီး ကူးသန်းရောင်းဝယ်ရေးအတွက် အဓိကကျသည့် အာရှလမ်းမကြီးပေါ်တွင် တည်ရှိကာ ကော့ကရိတ်မြို့မှ မြဝတီမြို့-ဘားအံ-မော်လမြိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့တို့သို့ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အဓိကအချက်အချာကျသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်သည်။

ထိုသို့အာရှလမ်းမကြီးပေါ်ရှိအဓိကအချက်အချာကျသည့် ကော့ကရိတ်မြို့နှင့် ဘားအံ-ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးကို ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် စာမျက်နှာ ၁၉ ကော်လံ ၁ ❑

တပ်မတော်စစ်ကြောင်းများက ကျုံ့ဒိုး-ကော့ကရိတ်လမ်းကြောင်းကို ပြန်လည်ထိန်းချုပ်မှုမှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။